# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၄) ရက် ၊ စနေနေ့ ၊ (26-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန် အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများမှ အရာရှိစစ်သည်မိသားစုများ၊နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုများ၊နေပြည်တော်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၂ ခုနှစ် (၅၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ၌ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် စုစုပေါင်း ၁၂၂ ခုဖြင့် ဆုအများဆုံး ရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။**




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# အပြစ်ကင်းသောအလုပ်ဖြင့် ဘဝတည်ဆောက်

ကိစ္စမြားမြောင် ဤလူ့ဘောင်တွင် မည်သူမဆို ပရိယေသနဝမ်းစာအတွက် ရှန်းကန်ရှာဖွေကြရမြဲဖြစ်သည်။ ဘဝအတွက် မည်သို့ပင်ရှန်းကန်ရှာဖွေရသည်ဖြစ်စေ အပြစ်ကင်းသောအလုပ်၊ ဥပဒေနှင့်လွတ်ကင်းသောအလုပ်ကို လုပ်ကိုင်မှသာလျှင် မိမိဘဝတစ်လျှောက်လုံး သောကကင်းဝေးပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်မည်ဖြစ်လေသည်။

အလုပ်ဟူသမျှ ဂုဏ်ရှိစွဟု ဆိုစကားပြုကြသည်။ သို့သော် မျက်မှောက်ကာလတွင် အလုပ်ဟူသမျှ ဂုဏ်ရှိသည်မဟုတ်ပေ။ မူးယစ်ဆေးဝါးရောင်းဝယ်သောအလုပ်၊ လူကုန်ကူးသောအလုပ်စသည် ဥပဒေနှင့်မလွတ်ကင်းသောအလုပ်တို့သည် ဂုဏ်မရှိသည့်အပြင် ဆွေစဉ်မျိုးဆက်ကိုပါ ဂုဏ်မဲ့၍ သိမ်ငယ်စေသည်။ လူမှုအသိုင်းအဝိုင်း၏ ရှုတ်ချခြင်း၊ ပစ်ပယ်ခြင်းကိုလည်း ခံကြရတတ်သည်။

မည်သည့်အလုပ်ကိစ္စမဆို လုပ်ကိုင်တော့မည်ဆိုပါက ဦးစွာ အပြစ်ကင်း၊ မကင်း စဉ်းစားရမည်။ ထို့နောက် အတ္တ၊ ပရ နှစ်ဖက်မျှတအောင် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ မိမိအကျိုးကိုဆောင်ရွက်ရင်း လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ ကောင်းကျိုးကိုပါ ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ ကောင်းကျိုးကိုဆောင်ရွက်လာနိုင်ခြင်းသည် ကျွဲကူးရေပါဆိုသကဲ့သို့ အမျိုးဂုဏ် ဇာတိဂုဏ်ကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်သူဖြစ်လာပေမည်။

လူမှုအကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အပြစ်မကင်းသော အလုပ်ဖြစ်ပြီး ဘဝတစ်လျှောက်လုံး ကျီးလန့်စာစား နေထိုင်ရမည်သာဖြစ်သည်။ ယခုအခါ လူသတ်၊ ဓားပြတိုက်၊ လုယက်မှုကျူးလွန်ရာတွင်ပါဝင်သူများသည် လူငယ်အများစုဖြစ်နေသည်ကို တွေ့ရသည်။ အချို့လူငယ်များသည် မူးယစ်ဆေးဝါး၏သားကောင်များဖြစ်နေကြပြီး လမ်းမှားသို့ ရောက်မှန်းမသိ ရောက်သွားကြရသည်။ မိမိတို့ကျူးလွန်ခဲ့သည့် ပြစ်မှုမှလွတ်မြောက်အောင် မည်သို့ပင် ရှောင်တိမ်းစေကာမူ ရာဇဝတ်ဘေးသည် ပြေး၍မလွတ်ပေ။ နောက်ဆုံးတွင် ဥပဒေ၏ အရေးယူအပြစ်ပေးမှုကိုခံကြရပြီး ဘဝ၏အဖိုးတန်သောအချိန်များ ထောင်ထဲတွင် ကုန်ဆုံးကြရသည်။

ဘဝတစ်ခုတည်ဆောက်ရာတွင် အခက်အခဲဟူသမျှ ကြုံတွေ့ရမြဲပင်ဖြစ်သည်။ ကြုံတွေ့လာရသော အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားရင်း ဖြစ်ပေါ်လာမည့် အခွင့်အရေး၊ အခွင့်အလမ်းတို့ကို လှမ်းယူဆုပ်ကိုင်နိုင်မည်သာဖြစ်သည်။ မိမိဘက်ကသာ စွန့်ဦးတီထွင်လိုစိတ်နှင့် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် မလျှော့သောကြိုးစားလိုစိတ်ရှိပါက အောင်မြင်မှုကို ဆုပ်ကိုင်နိုင်မည်သာဖြစ်သည်။

အပြစ်ကင်းသောအလုပ်ဖြင့် ဘဝကိုတည်ဆောက်နိုင်ရန် အခြေခံလိုအပ်ချက်မှာ ပညာဖြစ်သည်။ ပညာတတ်မြောက်မှုရှိပါမှ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာပြီး ဆင်ခြင်တုံတရားကို လက်ကိုင်ပြုလာနိုင်မည်ဖြစ်သည်။ အထူးသဖြင့် လူငယ်များ၏ပညာတတ်မြောက်မှုသည် အနာဂတ်နိုင်ငံတော်အတွက် အားတစ်ရပ်ဖြစ်ရာ ပညာကိုအခြေခံသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းရေးကို ဝိုင်းဝန်းဖော်ဆောင်ပေးရန် လိုအပ်သည်ဟု ခံယူမိသည်။

သို့ဖြစ်ရာ လူ့ဘဝအောင်မြင်မှုရရှိရန် ရှန်းရင်းကန်ရင်း နေထိုင်ကြရမည်ဖြစ်သော်လည်း ဘဝတစ်လျှောက် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်ရန်အတွက် ပညာကိုအခြေခံပြီး အပြစ်ကင်းသော အလုပ်ဖြင့် ဘဝကိုတည်ဆောက်မည်ဆိုပါက မိမိသာမက လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ပါ အေးချမ်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်မှု များပြား



**မန္တလေး နိုဝင်ဘာ ၂၅**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်း မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်း ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကား ကျေးရွာတို့ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများထဲမှ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ စိန်ပန်းကုန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းများအပါအဝင် စိတ်ဝင်စားစရာများဖြစ်သည့် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း၊ ထို့ပြင် ၎င်းကျေးရွာမှ ဧရာဝတီမြစ်အတွင်း စက်လှေစီး၍ ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့် ခရီးသွားများလည်း များပြားကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားများမှာ နိုဝင်ဘာလ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၆၀ ကျော်သာရှိခဲ့သော်လည်း နိုဝင်ဘာလ တတိယပတ်မှစ၍ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိ ရှိလာကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့် အရောင်းအဝယ်အေးနေရခြင်းဖြစ်ကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေ၊ မြေကွက်အကျယ်မဟုတ်တာတွေ၊ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာတွေ၊ လူနေအဆောက်အအုံ ဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့မြေအမျိုးအစားဖြစ်နေတာတွေ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးပဲဖြစ်နေရတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေး က ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာခြင်းမရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိနေကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်မှ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်ရှိကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ (၂၀×၆၀)၊ ပေ (၃၀×၆၀)၊ ပေ (၄၀×၆၀) အကျယ်ရှိ မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ မြရည်နန္ဒာရပ်ကွက် (၄၄ လမ်းမှ ၆၁ လမ်း) လမ်းအပိုင်းများရှိ လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၁၃၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ မှ သိန်း ၁၅၀၀ ခန့်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း နှမ်းဖြူ အရောင်းအဝယ်ကောင်းခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးဈေးကွက်အတွင်း နှမ်းဖြူများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ နှမ်းဖြူကို မန္တလေးမြို့မှ ကုန်သည်များက အဝယ်များပြားလျက်ရှိကြောင်း၊ နှမ်းဖြူမှာ နိုဝင်ဘာလ ပထမပတ်အတွင်းက အရောင်းအဝယ်အေးနေခဲ့ပြီး နိုဝင်ဘာလ တတိယပတ်မှစ၍ နှမ်းဖြူ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကာ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု ပြည်တွင်းကော ပြည်ပကပါ နှမ်းဖြူတွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရလာတယ်။ ပြည်ပနိုင်ငံက ဒီထက်ပိုပြီးဝယ်ယူမှုများလာရင်တော့ မန္တလေး ဈေးကွက်မှာ အခုထက်ပိုပြီး ဈေးကောင်းရနိုင်ပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ပထမပတ်က နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ ခန့်သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"အခုလတ်တလော ပြည်တွင်းဈေးကွက်မှာ နှမ်းဖြူအရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပကိုတင်ပို့မှုနဲ့စာရင် ပြည်တွင်းဈေးကွက်ကိုပဲအားထားပြီး လက်လီ၊ လက်ကား ရောင်းနေရပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန်တုံမြို့နယ် ကျေးရွာနှစ်ရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မန်တုံ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်တုံမြို့နယ် ကျေးရွာနှစ်ရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေး၊ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်တို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၀၇ သန်းဖြင့် ဆောင်ရွက်သည့် စေကော်ကျေးရွာကုန်ထုတ်လမ်းနှင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၈ ဒသမ ၀၉၉ သန်းဖြင့် လွယ်ကော်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

မန်တုံမြို့နယ် စေကော်ကျေးရွာတွင် ဖောက်လုပ်လျက်ရှိသော ကုန်ထုတ်လမ်းသည် အရှည်သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မဖြစ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇွန်လပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၉၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လွယ်ကော်ကျေးရွာကုန်ထုတ်လမ်းသည် အရှည် ငါးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မဖြစ်ပြီး ဇွန်လ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာလက်ရှိတွင် ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၆ လမ်း၊ ၈၁ လမ်း-၈၂ လမ်းကြား ပွဲကုန်းလမ်းမတာန်း အမှတ်(၁၆)နေ ဦးကောင်း-ဒေါ်အောင်ကြည် သားသမီးမြေးမြစ်မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀၀ လှူဒါန်းရာ စိမ့်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ် ဦးမြဝင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမိုးလွင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# တနင်္သာရီတိုင်းဒေသကြီးရှိ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ မြန်မာကြက်သွန်နီ အပတ်စဉ် တန် ၅၀ မှ တန် ၁၀၀ ကြား တင်ပို့ပေးနေ



**ရန်ကုန် နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ယခုဘဏ္ဍာနှစ်အတွင်း မြန်မာကြက်သွန်နီ အပတ်စဉ် တန် ၅၀ မှ တန် ၁၀၀ ကြား တင်ပို့ပေးနေကြောင်း မြန်မာနိုင်ငံ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မိုးကြည်က ပြောပြ၍ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ နယ်စပ်ကုန်သွယ်ရေးဖြင့် ထိုင်းနိုင်ငံသို့ မြန်မာကြက်သွန်နီ တန် ၅၀ မှ တန် ၁၀၀ ကြား တင်ပို့နေရကြောင်း၊ လက်ရှိ ပေါက်ဈေးအနေဖြင့် ကြက်သွန်နီတစ်တန်လျှင် အရည်အသွေးနှင့် အရွယ်အစားပေါ်မူတည်၍ ထိုင်းဘတ် ၃၉၈၈၅ ဘတ်မှ ၄၄၀၃၆ ဘတ်ထိ ဈေးရရှိနေသည်။

"မြန်မာကြက်သွန်နီကတော့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အဓိကဝယ်ယူနေတာဖြစ်ပါတယ်။ ထိုင်းဝယ်လက်တွေက မြန်မာကြက်သွန်နီတစ်တန်ကို အရည်အသွေးနဲ့ အရွယ်အစားပေါ်မူတည်ပြီတော့ ထိုင်းဘတ် ၄၅၀၀၀ လောက် ပေးပါတယ်။ မြိတ်မြို့နယ် မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းကနေ အပတ်စဉ် တင်ပို့နေပါတယ်။ အလားတူ ကရင်ပြည်နယ် မြဝတီကုန်သွယ်ရေးဇုန်ကနေပြီးတော့လဲ ကြက်သွန်နီ တစ်ပတ်ကို ပိဿာချိန် ၁၈၀၀၀ ပါ တွဲကား ၁၀ စီးလောက် တင်ပို့နေရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလဲ ပုံမှန်တင်ပို့နေပါတယ်"ဟု ဦးအောင်မိုးကြည်က ပြောပြသည်။

နှစ်စဉ် ကြက်သွန်နီ ပျမ်းမျှတန်ချိန် ၁၀ သိန်းခန့် ထွက်ရှိနေပြီး ပြည်ပပို့ရန် မြင်းခြံကြက်သွန်နီကို အဓိကဝယ်ယူကြကြောင်း၊ နိုဝင်ဘာလ တတိယပတ်အတွင်း ကြက်သွန်နီ ပေါက်ဈေးများမှာ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ ကံဆင့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှင့် မြင်းခြံကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ရှိကြောင်း သိရသည်။

**ASH**

# သနပ်ပင်မြို့နယ် စွန်ပိကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် စွန်ပိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက စွန်ပိကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

စွန်ပိကျေးရွာ၌ ကွန်ကရစ်လမ်းအရှည်ပေ ၄၁၅၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စွန်ပိကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ပြောပြ၍ သိရသည်။

**သုတ**

# ပင်းတယမြို့နယ် ကျားကုန်းခေတ်မီစံပြကျေးရွာတွင် GAP အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

**ပင်းတယ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးအသိပညာဗဟုသုတများ ရရှိလာစေရန်ရည်ရွယ်ပြီး ပင်းတယမြို့နယ် ကျားကုန်းကျေးရွာအုပ်စု ကျားကုန်းခေတ်မီစံပြကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)အသိပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင်ပို့ချပေးမည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီနီဝင်းနှင့် သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးရေး အသိပညာဗဟုသုတလက်ကမ်းစာစောင်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေးသင်တန်းကို ကျားကုန်းခေတ်မီစံပြကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၉၀ တက်ရောက်ကြပြီး သင်တန်းတွင် အားလူးနှင့် နေကြာစိုက်ပျိုးခြင်းအပါအဝင် အခြား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက တစ်ရက်ကြာ အခမဲ့သင်ကြားပေးခဲ့ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ပြောပြ၍ သိရသည်။

**မောင်ရိုင်**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၃၈)

**ကြည်လွင်မြင့်(မုံရွာ)**



**ထိကရုံးပင်**

အင်္ဂလိပ်အမည် - Sensitive Plant: Touch-me-not
မျိုးရင်း - Mimosaceae
ရုက္ခဗေဒအမည် - Mimosa Pudica Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ဆီးချုပ်၊ ဆီးအောင့်၊ လိပ်ခေါင်း၊ ကျောက်တည်၊ ဖောရောင်၊ သွေးအန်၊ သွေးကျ၊ ဝမ်းရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။ မြေတွင်ကပ်၍ ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အမြစ်၊ ပဥ္စင်းပါး။

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ ပင်ပျော့ပင်ငယ်မျိုးဖြစ်ပြီး ဆူးရှိသည်။ အခက်အလက်များကြားတွင် အမွေးကြမ်းများရှိသည်။ ရိုးတံနီရှိ၏။ အရိုင်းပေါက်သောအပင်မျိုးဖြစ်သည်။ ထိလိုက်လျှင် အရွက်များအိပ်သွားပြီး အထိမခံသောအပင်မျိုးဖြစ်သည်။ သို့သော် နင်းခြေသော်လည်း မသေသောအကြမ်းခံအပင်မျိုးဖြစ်သည်။

အရွက် ။ ။ အရွက်သေးငယ်သည်။ ငှက်မွေးရွက်ပေါင်းဟု ရုက္ခဗေဒအခေါ်ရှိသည်။ သုံးလေးခါ ငှက်မွေးရွက်ပေါင်းဖြစ်သည်။ ထိမိလျှင် အရွက်များတွန့်ရှုံ့ပြီး အိပ်သွားတတ်သည်။ ရွက်ညှာမရှိသလောက်ဖြစ်သည်။ ရွက်မွှာများသည် ကျဉ်းမြောင်း၍ရှည်မျောမျောပုံသဏ္ဌာန်ဖြစ်ပြီး ပြောင်ချောသော ရွက်ပြားငယ်များရှိသည်။

အပွင့် ။ ။ အပွင့်သေး၍ ပန်းရောင်ရှိသည်။ ပန်းခိုင်ထိုးတည်းထွက်သည်။ ပန်းခိုင်ထိပ်တွင် ဘောလုံးငယ်သဏ္ဌာန်ပန်းပွင့်များစုပြုံ၍ပွင့်သည်။ နန်းလုံးကြိုင်ပွင့်နှင့်အလွန်တူသည်။ ပန်းပွင့်ချိန်မှာ ဝါခေါင်လနှင့် တော်သလင်းလတွင် အများဆုံးပွင့်သည်။

❖ ထိကရုံးသည် ခါးဖန်သောအရသာရှိသည်။ အေးသောသတ္တိရှိသည်။ သလိပ်၊ သည်းခြေတို့ကို ငြိမ်စေတတ်၏ဟု ဆေးကျမ်းများတွင် အဆိုရှိသည်။ ကုန်းထိကရုံး၊ ရေထိကရုံးဟူ၍ နှစ်မျိုးရှိသည်။ အအေးအာနိသင်၊ တွန့်ရှုံ့စေသော အာနိသင်အတူတူပင်ဖြစ်သည်။ ❖

အသီး ။ ။ လက်မဝက်ခန့်ရှည်၍ ပြားသောအသီးရှိသည်။ အနည်းငယ်အပေါ်သို့ ကွေး၏။ အသီးငယ်တွင် အစေ့ သုံးစေ့၊ လေးစေ့ပါတတ်သည်။ တန်ဆောင်မုန်းလနှင့် နတ်တော်လတွင် သီးသည်။

**ဆေးကျမ်းများအဆို**

ထိကရုံးသည် ခါးဖန်သောအရသာရှိသည်။ အေးသောသတ္တိရှိသည်။ သလိပ်၊ သည်းခြေတို့ကို ငြိမ်စေတတ်၏ဟု ဆေးကျမ်းများတွင် အဆိုရှိသည်။ ကုန်းထိကရုံး၊ ရေထိကရုံးဟူ၍ နှစ်မျိုးရှိသည်။ အအေးအာနိသင်၊ တွန့်ရှုံ့စေသောအာနိသင် အတူတူပင်ဖြစ်သည်။

ဂုဏ်နှင့်စွမ်းရည် ။ ။ ထိကရုံးသည် တွန့်ရှုံ့စေတတ်၏။ အဖျားနှင့် ရေငတ်ရောဂါကို ပျောက်ကင်းစေတတ်၏။ ဝမ်းပိတ်ရောဂါကိုနိုင်၏။ သည်းခြေဒေါသကို ငြိမ်းစေတတ်၏။ ဆီးကို အလွန်ကောင်းစေ၏။ (ရှင်နာဂသိန်ပုံပြဆေးအဘိဓာန်)

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ကျောက်တည်ရောဂါရှိပါက ထိကရုံးအမြစ်ကို သုံးခွက် တစ်ခွက်တင်ပြုတ်ပြီး တစ်နေ့လျှင် မတ်ခွက်တစ်လုံးသောက်ပေးပါက ကျောက်များပျော်ပြီးကွဲ၍ ကျစေနိုင်သည်။
၂။ မြင်းသရိုက်ခေါ် လိပ်ခေါင်းရောဂါဖြစ်လျှင်၊ လိပ်ခေါင်းသွေးကျရောဂါဖြစ်လျှင် ထိကရုံးရွက်ကို အခြောက်လှန်းအမှုန့်ကြိတ်ပြီး နွားနို့နှင့်ရောသောက်ပေးပါ။
၃။ အနာအမြစ်တွယ်လျှင် ထိကရုံးအမြစ်ကို သွေးလိမ်းပေးပါ။ အနာမြုံနေလျှင် ထိကရုံးပင်ကို ထောင်းခြေပြီး အနာတွင် အုံပေးပါ။
၄။ အဖျားရက်ကြာပါက ထိကရုံးပင် ပဥ္စင်းပါးပြုတ်ရည်ကို အဖျားပျောက်ဆေး၊ သွေးဆေးတို့နှင့်ရော၍ သောက်သုံးပေးပါက အဖျားပျောက်စေနိုင်သည်။
၅။ ကိုယ်ရည်ဝါရောဂါနှင့် အဖောရောဂါဖြစ်ခဲ့လျှင် ထိကရုံးပင်ပြုတ်ရည်နှင့် ရေချိုးပေးပါ။
၆။ ကလေးများ ဆီးသွားများခဲ့လျှင် ထိကရုံးရွက်ကိုကြိတ်၍ ဆီးခုံတွင် အုံပေးပါ။
၇။ သူငယ်နာချောင်းဆိုးရောဂါဖြစ်လျှင် ထိကရုံးအမြစ်ကိုသွေး၍ ကလေးလည်ချောင်းတွင် လိမ်းပေးပါ။
၈။ ကျပ်တည်းနာ(လည်ပင်းတွင် အကျိတ်များတန်းစီထွက်သောအနာ)ဖြစ်လျှင် ထိကရုံးပဥ္စင်းပါးကိုကြိတ်၍ရသောအရည် ဟင်းစားဇွန်း သုံးဇွန်း နေ့စဉ်သောက်သုံးပေးပါက အကျိတ်များ ပျောက်ကင်းသက်သာစေနိုင်သည်။
၉။ အမျိုးသမီးများ သားမြတ်တွဲကျသောရောဂါဖြစ်လျှင် ထိကရုံးမြစ်နှင့် ဒဟတ်သကိုင်းမြစ်ကိုကြိတ်၍ သားမြတ်၌ လိမ်းပေးပါက သားမြတ်ပျော့ခြင်းမှ တင်းမာလာစေနိုင်သည်။ (ရှင်နာဂသိန်ပုံပြဆေးအဘိဓာန်)
၁၀။ သွေးအန်၊ သွေးကျ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပန်းနာရောဂါများအတွက် ကာကွယ်ဆေး၊ အားတိုးဆေးအဖြစ် ထိကရုံးပင်ကို ဆေးဝါးဖော်စပ်၍ အသုံးပြုကြသည်။
၁၁။ ဆီးအောင့်ပြီး ဆီးတစ်စက်တစ်စက် သွားသောရောဂါဖြစ်သူများသည် ထိကရုံးပင် ပဥ္စင်းပါးကို ထုခြေပြီး ရရှိသောသတ္တုရည်ကို သံပရာရည်နှင့် ရောစပ်သောက်ပေးပါ။
၁၂။ ကလေးငယ်များ မတ်တတ်ရပ်ချိန်တွင် မရပ်ပါက ထိကရုံးမြစ်ကိုသွေးပြီး ကလေးငယ်၏ ခြေဖဝါးတွင် လိမ်းပေးပါ။
၁၃။ သက်ကြီးရွယ်အိုများ ခြေတုန်လက်တုန်ရောဂါ (ပါကင်ဆန်ရောဂါ)ဖြစ်လျှင် ထိကရုံးမြစ်ကို ပျားရည်နှင့်စိမ်ထားပြီး နံနက်၊ ည ဟင်းစားဇွန်းတစ်ဇွန်း တိုက်ကျွေးပေးပါ။
၁၄။ မှတ်ဉာဏ်မကောင်းလျှင်၊ သတိမေ့လျော့တတ်လျှင် ထိကရုံးရွက်ကို သို့မဟုတ် ထိကရုံးပင် ပဥ္စင်းပါးကို အတို့အမြှုပ်လုပ်ပြီး မကြာခဏစားပေးပါ။

**ဒန့်သလွန်ပင်**

အင်္ဂလိပ်အမည် - Horse-radish
မျိုးရင်း - Moringaceae (ဒန့်သလွန်မျိုးရင်း)
ရုက္ခဗေဒအမည် - Moringaoleifera Lamk

**အဓိကဆေးဖက်ဝင်ပုံ**

အကြောတက်ရောဂါ၊ အညောင်းအကိုက်ရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းချုပ်ရောဂါ၊ နားကိုက်နားပြည်ယိုရောဂါ၊ အမျိုးသမီးဓမ္မတာမမှန်ရောဂါ၊ အားအင်ကုန်ခန်းသောရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်ကို ဆေးဖက်ဝင်အဖြစ် ဖော်စပ်အသုံးပြုသည်။ အသီးအစေ့ကိုလည်း ဆေးဖက်ဝင်အသုံးပြုသည်။

❖ ဒန့်သလွန်သည် မြန်မာဆေးကျမ်းများအဆိုအရ အနည်းငယ်ချို၍ ဖန်သောအရသာရှိသည်။ ထက်မြက်သည်။ ကြေလွယ်သည်။ နှုတ်ကိုမြိန်စေ၍ ဝမ်းမီးကိုတောက်စေ၏။ လေ၊ သလိပ်၊ သည်းခြေကိုနိုင်၏။ အပူနာ၊ ဖျဉ်း၊ ဂူလုံး၊ အကြောအခြင်ရောင်ရမ်းနာတို့ကိုနိုင်၏။ ❖

**အပင်ပုံသဏ္ဌာန်**

အပင် ။ ။ ပင်လတ်မျိုးဖြစ်သည်။ အမြင့် ၁၅ ပေမှ ၂၅ ပေထိ မြင့်တတ်သည်။ အခေါက်ထူ၍ ချောပြီး ပင်စည်တွင် အဖြူစက်ကလေးများရှိသည်။ အတွင်းသားဖြူသည်။

အရွက် ။ ။ ရုက္ခဗေဒအလိုအရ သုံးခါငှက်မွေးရွက်ပေါင်းဖြစ်၍ ရွက်လွှဲထွက်သည်။ ရွက်မွှာများသေးငယ်၍ ဘဲဥပုံရှိပြီး အရင်းအနည်းငယ်သွယ်သည်။ ထိပ်ဝိုင်းသည်။ အရွက်မျက်နှာချင်းဆိုင်ထွက်သည်။ ထိပ်ရွက်တစ်ရွက်ပါသည်။ ရွက်ပြားနူးညံ့ချောမွေ့ပြီး ရွက်နားညီသည်။

အပွင့် ။ ။ အဖြူရောင်အပွင့်ပွင့်သည်။ အနံ့ရှိသည်။ တန်ခူးလနှင့် ကဆုန်လတွင် ပွင့်သည်။

အသီး ။ ။ အသီးရှည်လျား၍ အစိမ်းရင့်ရောင်ရှိသည်။ အမြောင်းပါသောအက်ကွဲသီးဖြစ်သည်။ အစေ့များတန်းစီလျက် ငါးစေ့မှ ခုနစ်စေ့ခန့် ပါဝင်သည်။ အတွင်းသားထူသည်။ ခြောက်သွားလျှင် ပွင့်လွင့်နိုင်သော အစေ့မျိုးဖြစ်၍ အစေ့တွင် အတောင်ပါသည်။ ကဆုန်လနှင့် နယုန်လတွင် သီးသည်။

အမြစ် ။ ။ အမြစ်ခေါက်ထူသည်။ အဘက်ဘက်သို့ ဖြာထွက်သည်။

**ဆေးကျမ်းများအဆို**

ဒန့်သလွန်သည် မြန်မာဆေးကျမ်းများအဆိုအရ အနည်းငယ်ချို၍ ဖန်သောအရသာရှိသည်။ ထက်မြက်သည်။ ကြေလွယ်သည်။ နှုတ်ကိုမြိန်စေ၍ ဝမ်းမီးကို တောက်စေ၏။ လေ၊ သလိပ်၊ သည်းခြေကိုနိုင်၏။ အပူနာ၊ ဖျဉ်း၊ ဂူလုံး၊ အကြောအခြင်ရောင်ရမ်းနာတို့ကို နိုင်၏။ မျက်စိကိုအကျိုးပြု၏ဟု အဆိုရှိသည်။

ဂုဏ်နှင့်စွမ်းရည် ။ ။ ဒန့်သလွန်ပဥ္စင်းပါးအရသာ ချိုဖန်ဖြစ်၏။ ပူ၏။ ကြေကျက်ပြီးနောက် ဝိပါကဉ္စပ်၏။ ဝမ်းမီးကောင်းစေ၏။ သလိပ်သည်းခြေကိုနိုင်၏။ (ရှင်နာဂသိန်ပုံပြဆေးအဘိဓာန်)

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အမျိုးသမီးများ လစဉ်ဓမ္မတာမမှန်လျှင် ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူဖြင့် ဟင်းချိုချက်၍ သွေးပေါ်မည့်ရက်ကို မှန်းပြီး သုံးရက်ကြိုတင်သောက်ပေးပါ။
၂။ သွေးတိုးရောဂါရှိသူများသည် ဒန့်သလွန်ရွက်ကို ကြိတ်၍ သတ္တုရည်ကိုယူပြီး ဟင်းစားဇွန်းသုံးဇွန်း နေ့စဉ်သောက်သုံးပေးပါ။
၃။ သွေးတိုးရောဂါကြောင့် ခေါင်းအုံ၊ ခေါင်းမူးရောဂါရှိသူများသည် ဒန့်သလွန်သီးအစေ့ခြောက်ကို သုံးစေ့မှ ငါးစေ့ထိ ဝါးစားပေးပါ။
၄။ ပန်းနာရောဂါဖြစ်လျှင် ဒန့်သလွန်အမြစ်ကို ထောင်းထု၍ရသောအရည်ကို ချင်းတက်ကို ထောင်းထု၍ရသောအရည်နှင့် ဟင်းစားဇွန်းတစ်ဇွန်းစီ ရောစပ်သောက်ပေးပါ။
၅။ ဆီးချိုရောဂါရှိသူများသည် ဒန့်သလွန်အမြစ်ကို ရေစိမ်၍ သောက်ပေးခြင်းဖြင့် ရောဂါသက်သာစေနိုင်သည်။
၆။ ကလေးများ သန်ကောင်၊ တုတ်ကောင်ရောဂါကင်းရှင်းစေရန် ဒန့်သလွန်သီးကို ပြုတ်ပြီး အတွင်းမှအစေ့ကိုခြေ၍ သကြားနှင့်ရောပြီး ခွံ့ကျွေးပေးပါ။
၇။ နားကိုက်နားပြည်ယိုရှိသူများသည် ဒန့်သလွန်သီးအစေ့ကို အခြောက်လှန်းပြီး မုန်ညင်းဆီတွင် စိမ်ထားပါ။ ထိုမုန်ညင်းဆီကို မီးဖြင့်ကျက်အောင်ချက်ပြီး နားတွင်ထည့်ပေးလျှင်၊ နားကျပ်ပေးလျှင် ပျောက်ကင်းစေနိုင်သည်။ နားအူနားလေးသူများလည်း အသုံးပြုနိုင်သည်။
၈။ အကြောတက်ရောဂါ၊ ဇက်ကြောတက်ပြီး လေအန်သောရောဂါရှိသူများသည် ဒန့်သလွန်အပွင့်ကို အခြောက်လှန်းထားပြီး သံပရာရည်နှင့် ဖျော်သောက်လျှင် ရောဂါပျောက်ကင်းစေနိုင်သည်။
၉။ ဆီးလွန်ရောဂါရှိသူများသည် ဒန့်သလွန်ပွင့်ကို ရေအေးဖြင့် စိမ်ထားပြီး သောက်သုံးခြင်းဖြင့် ဆီးများခြင်း၊ ညဘက် ဆီးအကြိမ်ကြိမ်ထသွားခြင်းများမှ သက်သာပျောက်ကင်းစေနိုင်သည်။



၁၀။ ဒန့်သလွန်ပင်မှရသော အစေးနှင့် အပွင့်ကို ပါးစပ်တွင် ငုံပေးခြင်းဖြင့် ပါးစပ်နံခြင်း၊ သွားရည်ကျခြင်း၊ ခံတွင်းအနံ့ဆိုးခြင်း ရောဂါများ ပျောက်ကင်းစေနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစုံ ၄၇၆၇၇ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၇၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် သီးနှံစုံဧက ၅၈၅၅၀ စိုက်ပျိုးရန် လျာထားပြီး စက်တင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ သီးနှံစုံ ၄၇၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျွန်းလှမြို့နယ်အတွင်း သီးနှံစုံဧက ၅၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ သီးနှံစုံ ဧက ၄၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဆောင်းသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဆီထွက်သီးနှံ ၃၂၁၉၁ ဧက၊ ပဲမျိုးစုံ ၁၄၀၅၆ ဧက၊ အခြားသီးနှံဧက ၁၄၃၀ စုစုပေါင်း သီးနှံစုံ ၄၇၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် နှံစားသီးနှံ ၄၅၆၅ ဧက၊ ပဲမျိုးစုံ ၂၆၂၃၁ ဧက၊ ဆီထွက်သီးနှံဧက ၂၆၆၉၀၊ အခြားသီးနှံ ၁၀၆၄ ဧက စုစုပေါင်း သီးနှံစုံဧက ၅၈၅၅၀ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက တောင်သူများကို မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို စနစ်တကျ သုံးစွဲရေးနှင့် ပိုးမွှားကျရောက်မှု ကာကွယ်ရေး နည်းလမ်းများကို သင်ကြားပို့ချပြီး နေကြာသီးနှံ စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



ယခုနှစ် မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# ဇလွန်မြို့နယ် သရက်တပင်တောင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဇလွန် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သရက်တပင်တောင် ကျေးရွာအုပ်စု သရက်တပင်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက သရက်တပင်တောင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ခံများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သရက်တပင်တောင် ကျေးရွာတွင် ဖောက်လုပ်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၄ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ မြေသားတင်ချောင်းကျောက် ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၆၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေကျားမန်ကုမ္ပဏီက အောက်တိုဘာလ စတုတ္ထပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သရက်တပင်တောင်ကျေးရွာ၌ နေထိုင်သော ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော လယ်ယာထုတ်ကုန် စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းထံမှ သိရသည်။

**ချို့သန်းညွန့်**

## ရှေ့သို့လှမ်းချီ ငြိမ်းချမ်းရေးဆီ

- ငြိမ်းချမ်းမှု ချိန်ခါဦး
  ထူးတင့်သည့် သည်ချိန်တွင်၊
  ပအကြိမ် ဆွေးနွေးပွဲ
  ပြီးခဲ့သည်ပင်၊
  စနစ်က ပီပီပြင်
  နိုင်ငံလျှင် တည်ကာထောက်၊
  ပါတီစုံ ဒီမိုကရေစီရေး
  ခိုင်မာတွေးဆောက်။

- ထို့ပြင်လေ တည်ထောင်ရေး
  တွေးဆလို့ ဆွေးနွေးပြင်၊
  ဒီမိုကရေစီ ဖက်ဒရယ်စနစ်
  ပြည်သစ်ဖို့ပင်၊
  ငြိမ်းချမ်းလို့ ဖွံ့ဖြိုးလျှင်
  ပြည်တစ်ခွင် ကန့်မထား၊
  ဘယ်ခါမဆို လွှတ်လပ်တွေးနှင့်
  ဆွေးနွေးနိုင်သား။

- ဒုအကြိမ် ဆွေးနွေးမှု
  စခဲ့သည့် သည်ချိန်တွင်၊
  တိုင်းရင်းဆွေ နောင်ညီဖွား
  လိုလားချက်ပင်၊
  နိုင်ငံရေးနှင့် လုပ်ငန်းစဉ်
  တိုင်ပင်ကာ ဆွေးနွေးစို့၊
  တို့နိုင်ငံ တို့အရေး
  အလေးထားလို့။

- ငြိမ်းချမ်းဆို ဆွေးနွေးပွဲ
  ကျင်းပဆဲ ရက်မြတ်မှာ၊
  သည်နှစ်ကို ငြိမ်းချမ်းနှစ်
  ဖွင့်လှစ်ခဲ့တာ၊
  နှစ်ကုန်တွင် ငြိမ်းဖို့ရာ
  ရည်ရွယ်ကာ သတ်မှတ်လို့၊
  စိန်ရတုဆို လွတ်လပ်ရေးမှာ
  ငြိမ်းချမ်းကြစို့။

- အမိနိုင်ငံ ရိပ်ဝါသ
  တူတကွ နေလို့ပင်၊
  နိုင်ငံကို ဖွံ့ဖြိုးရေး
  တစ်သွေးတည်းဆင်၊
  တစ်သားတည်း တို့တွေလျှင်
  တစ်စိတ်တည်းပင် တစ်ဝမ်းဖွား၊
  တို့တစ်တွေ နောင်ညီပဲမို့
  သွေးကွဲနိုင့်လား။

- တို့နောင်ညီ အတူတွဲလို့
  အမြဲပဲ ရှေ့သို့ချီ၊
  တိုင်းပြည်ရဲ့ အနာဂတ်ရေး
  တွေးလို့ချီမည်၊
  ငြိမ်းချမ်းရေး ပန်းတိုင်ဆီ
  လှမ်းကာချီ ရှေ့ဆီသို့၊
  တို့လက်တွေ ဘယ်မခွဲ
  မြဲမြဲပါစို့။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# ရုရှားရေနံအတွက် အမြင့်ဆုံးဈေးသတ်မှတ်မည့် အနောက်အုပ်စုအစီအစဉ် ရုရှားသမ္မတ သတိပေး

**မော်စကို နိုဝင်ဘာ ၂၅**

ရုရှားရေနံပို့ကုန်များအတွက် ပေးနိုင်မည့် အမြင့်ဆုံးဈေးသတ်မှတ်မည့် အနောက်အုပ်စုနိုင်ငံများ၏ အကြံအစည်ကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်၌ ပြင်းထန်သည့် ဆိုးကျိုးများ ပေါ်ထွက်လာနိုင်ကြောင်း ရုရှားသမ္မတ ပူတင်က နိုဝင်ဘာ ၂၄ ရက်တွင် သတိပေးခဲ့သည်။

အီရတ်ဝန်ကြီးချုပ် မိုဟန်မက် ရှီးယားအယ်လ်ဆူဒါနီနှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ရုရှားသမ္မတ ပူတင်က ထိုကဲ့သို့ သတိပေးခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားရေနံများအတွက် ပေးနိုင်မည့် အမြင့်ဈေးသတ်မှတ်သည့် အနောက်အုပ်စု အစီအစဉ်သည် ဈေးကွက်ဆက်ဆံရေးစည်းမျဉ်းများနှင့် ဆန့်ကျင်နေပြီး ကမ္ဘာ့စွမ်းအင်ဈေးကွက်အတွက် ဆိုးကျိုးများဖန်တီးပေးနိုင်မည့် အလားအလာများလာကြောင်း သမ္မတ ပူတင်က အီရတ်ဝန်ကြီးချုပ်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့စဉ် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က ဖုန်းခေါ်ဆိုဆွေးနွေးမှုတွင် ရုရှားသမ္မတနှင့် အီရတ်ဝန်ကြီးချုပ်တို့သည် ရေနံတင်ပို့ရောင်းချသူများအသင်း (အိုပက်)နှင့် မဟာမိတ်များ၏မူဘောင်များဖြင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများသည် ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအမျိုးမျိုးပြဋ္ဌာန်းထားပြီး လက်ရှိတွင်လည်း အမေရိကန်နိုင်ငံနှင့် မဟာမိတ်နိုင်ငံများသည် ရုရှားရေနံပို့ကုန်များအတွက် နောက်ဆုံးဈေးကို လာမည့်ရက် အနည်းငယ်အတွင်း သတ်မှတ်ရန် စီစဉ်နေကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ KKO



# ရေနံထုတ်ကုန်များ ဝယ်ယူတင်သွင်းရာတွင် အမေရိကန်ဒေါ်လာအစား ရွှေဖြင့်ပေးချေရန် ဂါနာစီစဉ်

**အက္ကရာ နိုဝင်ဘာ ၂၅**

ရေနံထုတ်ကုန်များကို ဝယ်ယူရာတွင် အမေရိကန်ဒေါ်လာအစား ရွှေသားဖြင့် ပေးချေရေးမူဝါဒသစ်ကို ကျင့်သုံးရေးအတွက် ဂါနာနိုင်ငံက စီစဉ်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရေနံထုတ်ကုန်များ ဝယ်ယူရာတွင် အမေရိကန်ဒေါ်လာအစား ရွှေသားဖြင့် ပေးချေမည့် မူဝါဒကျင့်သုံးရေး အစီအစဉ်ကို ဂါနာဒုတိယသမ္မတ မာဟာမူဒူဘာဝူမီရာကငင်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ကြေညာထားခြင်းဖြစ်သည်။

လက်ဝယ် ကိုင်ထားနိုင်သည့် နိုင်ငံခြားအရန်ငွေပမာဏကျဆင်းလာမှုပြဿနာကို ကိုင်တွယ်ရေးအတွက် ရေနံထုတ်ကုန်များဝယ်ယူရာတွင် အမေရိကန်ဒေါ်လာအစား ရွှေသားဖြင့် ပေးချေရေးမူဝါဒကို ကျင့်သုံးရန် ဂါနာအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ထို့ပြင် ဂါနာနိုင်ငံ၏နိုင်ငံခြားအရန်ငွေပမာဏသည် ရေနံတင်သွင်းသူလုပ်ငန်းရှင်များ၏ အမေရိကန်ဒေါ်လာလိုအပ်ချက်ကြောင့် ကျဆင်းလာခဲ့ရကြောင်း သိရသည်။

ယခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် ဂါနာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံထိသာ ရှိတော့သဖြင့် သုံးလစာသွင်းကုန်များအတွက် ငွေပေးချေနိုင်ရုံမျှသာ လုံလောက်မှု ရှိတော့သည်။

ဂါနာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ ဘီလီယံခန့်ရှိခဲ့ရာမှ ယခုနှစ် စက်တင်ဘာလကုန်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံထိ ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

KKO

# ဟောင်ကောင်လေဆိပ် တတိယမြောက်လေယာဉ်ပြေးလမ်း တရားဝင်ဖွင့်လှစ်



**ဟောင်ကောင် နိုဝင်ဘာ ၂၅**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဟောင်ကောင်လေဆိပ်သည် ယနေ့တွင် တတိယမြောက် လေယာဉ်ပြေးလမ်းသစ်ကို တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ တတိယမြောက် လေယာဉ်ပြေးလမ်းသစ်သည် ဟောင်ကောင်လေဆိပ်ကို အဓိက ဒေသတွင်းလေကြောင်းခရီးစဉ် ဗဟိုချက်အဖြစ် မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ဟောင်ကောင်လေဆိပ်တာဝန်ရှိသူများက မျှော်လင့်ထားသည်။

ဟောင်ကောင်လေဆိပ်သည် တတိယမြောက်လေယာဉ်ပြေးလမ်းသစ်ကို ယခုနှစ် ဇူလိုင်လအတွင်းက စတင်အသုံးပြုခဲ့သော်လည်း ယနေ့မှသာ တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ပြေးလမ်းသစ်၌ တစ်ရက်လျှင် လေကြောင်းခရီးစဉ် ၁၄၀ ထိ အတက်အဆင်းပြုလုပ်နေပြီဖြစ်ကြောင်း ဟောင်ကောင်လေဆိပ်တာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် လက်ရှိအချိန်တွင် ဟောင်ကောင်လေဆိပ်သည် လေဆိပ်အလယ်ပြေးလမ်းကို ပြုပြင်မွမ်းမံရေးအတွက် ပိတ်ထားမှုကြောင့် လေယာဉ်ပြေးလမ်း နှစ်ခုကိုသာ သုံးစွဲနေရကြောင်း သိရသည်။

လေယာဉ်ပြေးလမ်း သုံးခုလုံး ပြန်လည်လုပ်ငန်းလည်ပတ်နိုင်ချိန်တွင် ဟောင်ကောင်လေဆိပ်၏ စွမ်းဆောင်ရည်ပို၍ မြင့်မားလာမည်ဖြစ်ပြီး လေကြောင်းခရီးစဉ်များ ဝင်ရောက်မှုလည်း မြင့်တက်လာမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။ KKO

# တရုတ်နိုင်ငံ ရှင်ကျန်းဒေသ၌ အထပ်မြင့်အဆောက်အအုံမီးလောင် ၁၀ ဦး သေဆုံး ကိုးဦး ဒဏ်ရာရ

**ပေကျင်း နိုဝင်ဘာ ၂၅**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဒေသရှိ အထပ်မြင့်အဆောက်အအုံတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၀ ဦးသေဆုံး၍ ကိုးဦးဒဏ်ရာများ ရရှိခဲ့ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ မီးလောင်မှုသည် အမှောင်ဝင်လာချိန်တွင် အပူချိန်ရေခဲမှတ်အောက်ကျသွားတတ်သော ရှင်ကန်းဒေသ၏မြို့တော်ဖြစ်သည့် အူအူရမ်ကြည်မြို့၌ နိုဝင်ဘာ ၂၄ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းမှုသည် အဆိုပါအဆောက်အအုံ၏ ၁၅ ထပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၇ထပ်ထိ မီးညွန့်များတက်ဟပ်ခဲ့ကြောင်း တရုတ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ မီးလောင်ကျွမ်းမှုသည် ၁၅ထပ်ရှိ အခန်းတစ်ခန်း၏ အိပ်ခန်းမှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ရှင်ကျန်းဒေသတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကို မီးသတ်သမားများက သုံးနာရီကြာအချိန်ယူ ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် တရုတ်နိုင်ငံ၌ သီတင်းတစ်ပတ်တာကာလအတွင်း ဒုတိယအကြိမ်ဖြစ်ပွားခဲ့သည့်လူအသေအပျောက်များသော မီးလောင်ကျွမ်းမှုဖြစ်သည်။

ထို့ပြင် နိုဝင်ဘာ ၂၁ ရက်ကလည်း တရုတ်နိုင်ငံအလယ်ပိုင်း စက်မှုလုပ်ငန်းတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၃၈ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

KKO



# တောမီးစရှို့သူအဖြစ် စွပ်စွဲခံရသူတစ်ဦးအား ဝိုင်းဝန်းရိုက်နှက်သူ ၄၉ ဦးကို အယ်လ်ဂျီးရီးယားတရားရုံးက သေဒဏ်များချမှတ်

**အယ်လ်ဂျီးယား နိုဝင်ဘာ ၂၅**

တောမီးစရှို့သူအဖြစ် မှားယွင်းစွပ်စွဲခံခဲ့ရသည့် လူတစ်ဦးကို သတ်ဖြတ်မှုဖြင့် ပြစ်မှုကျူးလွန်သူ ၄၉ ဦးကို အယ်လ်ဂျီးရီးယား တရားရုံးတစ်ရုံးက နိုဝင်ဘာ ၂၄ ရက်တွင် သေဒဏ်များချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



၂၀၂၁ ခုနှစ်အတွင်း တောမီးစရှို့သူအဖြစ် မှားယွင်းစွပ်စွဲခံထားရသော အသက် ၃၈ နှစ်အရွယ် ဂျမဲလ်ဘင်အစ္စမေးလ် အမည်ရှိ အမျိုးသားတစ်ဦးသည် အဆိုပါစွပ်စွဲချက်ကြောင့် ရဲစခန်း၌ လာရောက်အဖမ်းခံခဲ့ပြီးနောက် ဘေးမှရပ်ကြည့်နေသူများ၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် သေဆုံးခဲ့ရသည်။

သို့ရာတွင် လူအုပ်၏တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ ဘင်အစ္စမေးလ်မှာ ၂၀၂၁ခုနှစ် လောင်ကျွမ်းခဲ့သည့် တောမီးများကို စေတနာ့ဝန်ထမ်းအဖြစ်ပါဝင် ငြိမ်းသတ်ပေးနေသူဖြစ်ကြောင်း နောက်ပိုင်းတွင် ပေါ်ထွက်လာခဲ့သည်။


မြောက်အာဖရိကဒေသနိုင်ငံတစ်နိုင်ငံဖြစ်သော အယ်လ်ဂျီးရီးယားနိုင်ငံသည် ၁၉၉၃ ခုနှစ်မှစ၍ သေဒဏ်စီရင်မှုများကို ရပ်နားထားသော်လည်း ဘင်အစ္စမေးလ် သတ်ဖြတ်ခံရမှုအတွက် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများအနက် ၄၉ ဦးကို အယ်လ်ဂျီးရီးယားနိုင်ငံ ဒါအယ်လ်ဘိုင်ဒါမြို့တရားရုံးက နိုဝင်ဘာ ၂၄ ရက်တွင် သေဒဏ်များချမှတ်ခဲ့ပြီး ၂၈ဦးကို လျှော့ရက်မရှိ ထောင်ဒဏ်နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း အယ်လ်ဂျီးရီးယား နိုင်ငံတစ်ဝန်း လောင်ကျွမ်းခဲ့သည့် တောမီးများကြောင့် လူဦးရေ အနည်းဆုံး ၉၀ သေဆုံးခဲ့ရသည်။

KKO

# SCIENCE AND TECHNOLOGY

## အိုမိုတီနာရှိ ဂျပန်လဆင်းယာဉ် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်မှုမရှိခဲ့



**တိုကျို နိုဝင်ဘာ ၂၁**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အားတီးမစ်-၁ မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သော အိုမိုတီနာရှိ ဂျပန်လဆင်းယာဉ်ငယ်သည် ရည်ရွယ်ထားသည့်အတိုင်း လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်မှုမရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

အိုမိုတီနာရှိ ဂျပန်လဆင်းယာဉ်ငယ်ကို အိုရီယွန်အာကာသယာဉ်နှင့်အတူ နိုဝင်ဘာ ၁၆ ရက်တွင် နာဆာအဖွဲ့က SLS ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လပေါ်သို့ဆင်းသက်ရမည့်အချိန်ထိ အိုမိုတီနာရှိ ဂျပန်လဆင်းယာဉ်ထံမှ မည်သည့်အဆက်အသွယ်မျှ မရသေးကြောင်း ဂျပန်အာကာသအေဂျင်စီ၏ အဆိုအရ သိရသည်။

အိုမိုတီနာရှိ ဂျပန်လဆင်းယာဉ်နှင့် အဆက်အသွယ်ပြတ်နေမှုကြောင့် ၎င်းလဆင်းယာဉ်အနေဖြင့် လမျက်နှာပြင်ပေါ် ဆင်းသက်မှုကို စီစဉ်ထားသည့်အတိုင်း မလုပ်နိုင်တော့သည့်သဘောဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အိုမိုတီနာရှိ ဂျပန်လဆင်းယာဉ်နှင့် အဆက်အသွယ်ပြန်ရပါက ၂၀၂၃ ခုနှစ် မတ်လတွင်၎င်းလဆင်းယာဉ်၏မစ်ရှင်ကို ပြောင်းလဲရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

မူလက အိုမိုတီနာရှိဂျပန်လဆင်းယာဉ်သည် နိုဝင်ဘာ ၂၁ ရက်က လမျက်နှာပြင်ပေါ်သို့ အမြင့် ၃၂၈ ပေနှင့် ၆၂၆ ပေကြားမှတစ်ဆင့် လေအိတ်များ၊ ရိုက်အားလျှော့စနစ်များ အကူအညီဖြင့် ထိုးဆင်းရန်စီစဉ်ထားခဲ့ကြောင်း သိရသည်။

KKO


## ကြာသပတေးဂြိုဟ် တိမ်တိုက်ထိပ်ပိုင်းနှင့်ဂြိုဟ်ရံလနှစ်စင်းတို့ကို နာဆာ၏ ဂျူနိုအာကာသယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် တိမ်တိုက်ထိပ်ပိုင်းနှင့် ဂြိုဟ်ရံလနှစ်စင်းတို့ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဓာတ်ပုံများကို ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ကို ၃၈ ကြိမ်မြောက် အဖြစ် အနီးကပ်ဖြတ်ပျံစဉ်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၃၈ ကြိမ်မြောက် အနီးကပ်ဖြတ်ပျံစဉ် ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် တိမ်တိုက်ထိပ်ပိုင်းအပြင် အိုင်အိုဂြိုဟ်ရံလနှင့် ကယ်လစ္စတိုဂြိုဟ်ရံလတို့ကိုပါ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။



ဂျူနို အာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို ကြာသပတေးဂြိုဟ်တိမ်တိုက်များအထက် အမြင့် မိုင် ၈၇၀၀ ခန့်အကွာ၌ တစ်နာရီလျှင် ၁၂၃၀၀၀ မိုင်နှုန်းဖြင့် ပျံသန်းနေစဉ် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျူနို အာကာသယာဉ်သည် မကြာသေးမီ ကာလအတွင်းကလည်း ကြာသပတေးဂြိုဟ်၏အကြီးဆုံးဂြိုဟ်ရံလများထဲတွင် ပါဝင်သော ယူရိုပါဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သည်။

နာဆာအဖွဲ့သည် ဂျူနိုအာကာသယာဉ်ကို ၂၀၁၁ ခုနှစ်က လွှတ်တင်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် အဆိုပါ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ဆီသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

KKO

## နာဆာ၏ CAPSTONE အာကာသယာဉ် NRHO လပတ်လမ်းအတွင်းသို့ ဝင်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ CAP-STONE အာကာသယာဉ်သည် ၎င်းနေရာယူရမည့် NRHO လပတ်လမ်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

NRHO လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့မှုကြောင့် CAP-STONE အာကာသယာဉ်အနေဖြင့် ၎င်းရယူရမည့်မစ်ရှင်ကို စတင်နိုင်မည့်အဆင့်သို့ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည်။

NRHO လပတ်လမ်းသည် အားတီးမစ် မစ်ရှင်များအတွက် နာဆာက လွှတ်တင်မည့် လပတ်အာကာသစခန်း နေရာယူမည့် ပတ်လမ်းဖြစ်ပြီး အဆိုပါပတ်လမ်း၏တည်ငြိမ်မှုကို CAP-STONE အာကာသယာဉ်က လေ့လာဆန်းစစ် ပေးရမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် CAP-STONE အာကာသယာဉ်ကို ယခုနှစ် ဇွန် ၂၈ ရက်က Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် နိုဝင်ဘာ ၁၃ ရက်က လဆီသို့ ရောက်ရှိခဲ့ပြီး NRHO လပတ်လမ်းတွင်းသို့ ဝင်ရောက်နိုင်ရေးအတွက် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုများ ပြုလုပ်ခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ ရက်တွင် အထက်ပါ ပတ်လမ်းတွင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

CAPSTONE အာကာသယာဉ်သည် အဆိုပါပတ်လမ်းပေါ်၌ ခြောက်လကြာ နေရာယူ၍ ပတ်လမ်း၏တည်ငြိမ်မှုနှင့်သဘာဝတို့ကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုယ်ဝန်ဆောင်ကာလ အရက်အနည်းငယ်သောက်ခဲ့လျှင်ပင် သန္ဓေသား၏ဦးနှောက်ဖွဲ့စည်းပုံ ပြောင်းလဲသွားနိုင်

**ဗီယင်နာ နိုဝင်ဘာ ၂၅**

ကိုယ်ဝန်ဆောင်ကာလ၌ အရက်အနည်းငယ်မျှ သောက်ခဲ့လျှင်ပင် သန္ဓေသား၏ ဦးနှောက်ဖွဲ့စည်းပုံ ပြောင်းလဲသွားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာ တက္ကသိုလ်မှ သုတေသနပညာရှင်များက မိခင်လောင်းများ အရက်သောက်သုံးမှု၏အကျိုးဆက်များကို ဖော်ထုတ်ရေးအတွက် သန္ဓေသား ၂၄ ခုတို့၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အယ်လ်ကိုဟောနှင့် ထိတွေ့မှုရှိခဲ့သည့် သန္ဓေသားများ၌ STS (Superior Tentoral Sulcus) ခေါ် ဦးနှောက်နယ်မြေမှာ ဒုပါးလွှာတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

STS ဦးနှောက်နယ်မြေသည် ဘာသာစကားကို ခံစားနားလည်မှု၊ တွေးတောဆင်ခြင်မှုတို့နှင့် ပတ်သက်နေသည့် ဦးနှောက်နယ်မြေဖြစ်ကြောင်း သိရသည်။

STS ဦးနှောက်နယ်မြေသည် ကလေးဘဝတွင် ဘာသာစကားနားလည်ခံစားနိုင်စွမ်း ဖွံ့ဖြိုးမှုအပေါ် သြဇာသက်ရောက်နိုင်မှုကြီးမားသည့် နယ်မြေဖြစ်ကြောင်း ဩစတြီးယား သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## ဖလာဗိုနောလ်ပါဝင်သောအစားအစာ ပုံမှန်စားသုံးပါက အသက်ရလာချိန် မှတ်ဉာဏ်ကျဆင်းမှုကို လျှော့ချနိုင်

**နယူးယောက် နိုဝင်ဘာ ၂၅**

ဖလာဗိုနောလ်(Flavonols) ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးပါဝင်သည့် အစားအစာများ ပုံမှန်စားသုံးပါက အသက်ရလာချိန်တွင် မှတ်ဉာဏ်ကျဆင်းလာမှုကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက နိုဝင်ဘာ ၂၄ ရက်က ရေးသားတင်ပြထားသည်။

ဖလာဗိုနောလ်ဓာတုဒြပ်ပေါင်းကို ကိုက်လန်၊ ခရမ်းချဉ်သီး၊ ပန်းသီးနှင့် လိမ္မော်သီးကဲ့သို့ အသီးအရွက်များအပြင် လက်ဖက်ရည်နှင့်ဝိုင်အရက်တွင် တွေ့ရတတ်ကြောင်း သိရသည်။

ဖလာဗိုလ်နောလ် ပါဝင်သည့် အစားအစာများ ပုံမှန်စားသုံးမှုသည် သက်ကြီးပိုင်းများ၏ဦးနှောက်ကျန်းမာရေးကို ထိန်းထားနိုင်ရေးအတွက် ရိုးစင်းသည့်နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ ဖလာဗိုနောလ်ပါဝင်သည့် အစားအစာ အများဆုံး စားသုံးသူများသည် အနည်းဆုံး စားသုံးသူများနှင့် နှိုင်းယှဉ်ပါက မှတ်ဉာဏ်ကျဆင်းမှုအချိန်နှုန်း ၃၂ ရာခိုင်နှုန်း ပိုမိုနည်းပါးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဖလာဗိုနောလ် ဓာတုဒြပ်ပေါင်းသည် အောက်ဆီဂျင်ဓာတ်ဖျက်ဂုဏ်သတ္တိ၊ ရောင်ရမ်းမှုလျှော့ချရေးဂုဏ်သတ္တိများ ပိုင်ဆိုင်ထားပြီး လူ့ကိုယ်တွင်း ဆဲလ်အဆင့်ပျက်စီးမှုများကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

အစားအစာ စားသုံးမှုပုံစံနှင့် ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲများကို ငယ်ရွယ်ချိန်ပြုလုပ်ကျင့်သုံးခြင်းဖြင့် အသက်ရလာချိန် ဦးနှောက်ကျန်းမာရေးကို ထိန်းပေးထားနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

KKO



နိုင်ငံတကာ
အားကစားသတင်းများ

# ကမ္ဘာ့ဖလားပွဲကြီးမ်ဆက် ဂိုးသွင်းနိုင်သည့်ကစားသမားအဖြစ် စီရော်နယ်ဒို စံချိန်သစ်တင်



**လစ္စဘွန်း နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၄ ရက်ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် ဂါနာအသင်းတို့ ပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုက ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ကမ္ဘာ့ဖလားငါးကြိမ်ဆက် ပထမဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားတွင် စတင်ပါဝင်ခွင့်ရခဲ့ပြီးနောက် အီရန်အသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်တွင်လည်းကောင်း၊ ၂၀၁၀ ကမ္ဘာ့ဖလားတွင် တောင်ကိုရီးယားအသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားတွင် ဂါနာအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင်လည်းကောင်း၊ ၂၀၁၈ ကမ္ဘာ့ဖလားတွင် စပိန်အသင်းကို သရေရလဒ်ကစားနိုင်ခဲ့သည့် ပွဲစဉ်တွင်လည်းကောင်း ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ယခုအခါ ဂါနာအသင်းနှင့် အဖွင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားငါးကြိမ်ဆက် အုပ်စုတွင်းပွဲစဉ်များတွင် ပထမဆုံးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုက "အခုချိန်ဟာ ကျွန်တော့်အတွက် အပျော်ရွှင်ရဆုံးအချိန်ပါ။ ဘာလို့လဲဆိုရင် ကမ္ဘာ့ဖလားငါးကြိမ်ဆက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကိုပိုင်ဆိုင်ခဲ့လို့ပါ။ အရေးကြီးဆုံးကတော့ အသင်းအတွက် အခုပွဲစဉ်အနိုင်ရဖို့လိုတယ်ဆိုတာကို အားလုံးသိထားကြပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့တာကြောင့် အဖိုးတန်နိုင်ပွဲရခဲ့တာပါ။ ဒါ့ပြင် ကျွန်တော့်အနေနဲ့လဲ အသင်းအတွက် အကောင်းဆုံးလုပ်ပြနိုင်ခဲ့လို့ ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့ပြင်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုပွဲစဉ်တွင် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆု ခုနစ်ကြိမ်ရရှိထားသည့် တိုက်စစ်မှူး မက်ဆီနှင့် ရော်ဘင်တို့၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

ဂါနာအသင်းနှင့် အဖွင့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို စီရော်နယ်ဒို၊ ဂျာအိုဖီးလစ်နှင့်လီအိုတို့က သွင်းယူနိုင်ခဲ့သကဲ့သို့ ဂါနာအတွက် ချေပဂိုးကို တိုက်စစ်မှူး အန်ဒရီအရူးနှင့် ကွင်းလယ်ကစားသမား ဘူကာရီတို့က သွင်းယူခဲ့ပြီး သုံးဂိုး နှစ်ဂိုးဖြင့် ပြီးဆုံးခဲ့သော်လည်း အုပ်စု (H) အဖွင့်ပွဲကစားပြီးချိန်တွင် ပေါ်တူဂီက အဆင့် (၁)၊ တောင်ကိုရီးယားအဆင့် (၂)၊ ဥရုဂွေးအသင်းက အဆင့် (၃)၊ ဂါနာအသင်းကအုပ်စုနောက်ဆုံးတွင်ရပ်တည်နေကြောင်း သိရသည်။

ML

# ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးအနီကတ်ပြခံရသည့်ကစားသမားအဖြစ် ဟန်နက်ဆီမှတ်တမ်းဝင်

**ဒိုဟာ နိုဝင်ဘာ ၂၅**

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု ပွဲစဉ် (၂) အဖြစ် ကစားခဲ့သည့်ဝေးလ်အသင်းနှင့်အီရန်အသင်းတို့ ပွဲစဉ်တွင် ဝေးလ်အသင်းဂိုးသမား ဟန်နက်ဆီအနေဖြင့် အနီကတ်ပြသခံခဲ့ရသည့်အတွက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး အနီကတ်ပြသခံခဲ့ရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဝေးလ်အသင်းအနေဖြင့် အီရန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဂိုးသမား ဟန်နက်ဆီသည် ပွဲချိန် ၈၅မိနစ်တွင် ပြိုင်ဘက်ကစားသမားများနှင့် ဘောလုံးယှဉ်လုရာတွင် ကြမ်းတမ်းခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး မာရီကိုအက်စ်ကိုဘားက အဝါကတ်ပြစ်ဒဏ်ကို VAR ပြန်လည်စစ်ဆေးခဲ့ပြီးနောက် တိုက်ရိုက်အနီကတ်အဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အီရန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉၈ မိနစ် တွင် ချီဟီမီကလည်းကောင်း၊ ပွဲချိန် ၁၀၁ မိနစ်တွင် ရီဒါအင်ကလည်းကောင်းသွင်းယူပေးနိုင်ခဲ့ပြီး နိုင်ပွဲစတင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကာတာနိုင်ငံတွင် ကျင်းပလျက်ရှိနေသည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ် (၁) ပွဲစဉ်များ အားလုံးပြီးဆုံးချိန်ထိ အနီကတ်ပြသခံခဲ့ရသည့် ကစားသမားတစ်ဦးမှမရှိခဲ့ဘဲ ယခုအခါ ပွဲစဉ် (၂) ပွဲစဉ်များ ပြန်လည်စတင်ချိန်မှသာ ဝေးလ်အသင်းဂိုးသမား ဟန်နက်ဆီက အနီကတ်ပြသခံခဲ့ရသည့်အတွက် ပြိုင်ပွဲ၏ ပထမဆုံးအနီကတ်ပြသခံခဲ့ရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA



# Australian PGA Championship ပြိုင်ပွဲမှ လူးကပ်စ်ဟာဘက် နုတ်ထွက်

**ကင်ဘာရာ နိုဝင်ဘာ ၂၅**

သြစတြေးလျနိုင်ငံ ကွင်းစလန်းတွင် ကျင်းပနေသည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် သြစတြေးလျဂေါက်သီးရိုက်ကစားသမား လူးကပ်စ်ဟာဘက် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လူးကပ်စ်ဟာဘက်သည် ဒုတိယနေ့ ကျင်းနံပါတ် (၁၀) ထိ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးနောက် နောက်ကျောဒဏ်ရာနာကျင်မှုပြင်းထန်လာသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအားလိုအပ်သော ဆေးကုသမှုခံယူ၍ လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပစ်မှတ်ထားကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

လူးကပ်စ်ဟာဘက်က "ပြိုင်ပွဲကစားနေရင်းနဲ့နောက်ကျောဒဏ်ရာက ပြင်းပြင်းထန်ထန် နာကျင်လာတယ်။ နောက်ကျောဒဏ်ရာကြောင့် Swing ရိုက်ချက်တွေ အဆင်မပြေတော့ဘူး။ လိုအပ်တဲ့ ပြင်းအားပမာဏနဲ့ မရိုက်နိုင်တော့တဲ့အတွက် ပြိုင်ပွဲဆက်ပြိုင်ဖို့လဲ အဆင်မပြေတော့ဘူး။ ပြိုင်ပွဲပြီးဆုံးတဲ့ထိ ယှဉ်ပြိုင်သွားဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဘယ်လိုမှ အဆင်မပြေတော့တဲ့အတွက်ကြောင့် ပြိုင်ပွဲကနေ စိတ်မကောင်းစွာနဲ့ပဲ နုတ်ထွက်ခဲ့ရပါတယ်။ လိုအပ်တဲ့ ဆေးကုသမှုတွေ ခံယူသွားမယ်။ လာမယ့်ရက်သတ္တပတ် အနည်းငယ်အတွင်းမှာ ပြန်ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကာလရှည် အနားယူစရာမလိုတဲ့ ဒဏ်ရာမျိုးဆိုရင်တော့ အမြန်ဆုံးပြန်ကစားနိုင်မှာပါ" ဟု ပြောကြားခဲ့သည်။

AZL

# ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သော်လည်း နေမာ ပြန်လည်ပါဝင်နိုင်မည်ဟု ဘရာဇီးနည်းပြပြောကြား

**ရီယိုဒီဂျနေးယိုး နိုဝင်ဘာ ၂၅**

ကမ္ဘာ့ဖလားအုပ်စု(G)အဖွင့်ပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး နေမာသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသော်လည်း ၎င်းအနေဖြင့် လက်ကျန်ပွဲစဉ်များတွင် ပြန်လည်ပါဝင်နိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြတိုက်က ပြောကြားခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘရာဇီးအသင်းက ဆားဘီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း တိုက်စစ်မှူး နေမာသည် ပြိုင်ဘက် ဆားဘီးယားအသင်းကစားသမားများ၏ ပစ်မှတ်ထားခံရသည့် ကစားသမားဖြစ်သည့်အတွက် ပြစ်ဒဏ်ကျူးလွန်ခံရမှု ကိုးကြိမ်ထိရှိခဲ့ကာ ပွဲကစားချိန် ၇၉ မိနစ်အရောက်တွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြိုင်ပွဲကိုဆက်လက်ကစားနိုင်ခြင်းမရှိဘဲ အသင်းဖော်ကစားသမား အန်တိုနီနှင့်လူစားလဲထွက်ခွာခဲ့ရသည်။

နည်းပြတိုက်က "အခုပွဲမှာ နေမာဟာ ပြိုင်ဘက်ကစားသမားတွေရဲ့ ပစ်မှတ်ဖြစ်ခဲ့တာကြောင့် ဒဏ်ရာရသွားခဲ့တာပါ။ သူ့အနေနဲ့ ပွဲချိန် ၇၂ မိနစ်လောက်ကတည်းက ဒဏ်ရာပြဿနာရှိနေပေမဲ့ ပွဲကိုဆက်လက် ကစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ပွဲချိန် ၇၉ မိနစ်မှာတော့ ဆက်လက် မကစားနိုင်တော့တာကြောင့် လူစားလဲခဲ့ရတာပါ။ ကျွန်တော့်အထင်တော့ သူ့ဒဏ်ရာပြင်းထန်မှုမရှိတာကြောင့် လာမယ့်ပွဲစဉ်တွေကို ပါဝင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အသင်းဆရာဝန်ကတော့ လာမယ့် ၄၈ နာရီထိ စောင့်ကြည့်ပြီးမှ ဒဏ်ရာအခြေအနေကို ထုတ်ပြန်ပေးမယ်လို့ သိရပါတယ်" ဟု ပြောကြားခဲ့သည်။



ဘရာဇီးအသင်းသည် အုပ်စု (G) တွင် ကစားသမားစုဖွဲ့မှုကောင်းသည့် ဆားဘီးယားအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေပြီး လာမည့် ဆွစ်ဇာလန်နှင့် ကင်မရွန်းအသင်းတို့ ပွဲစဉ်တွင် တစ်ပွဲအနိုင်ရရှိရုံဖြင့် အုပ်စုအဆင့်မှကျော်ဖြတ်နိုင်ရန် သေချာနေကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် ပေါ်တိုဂိုးသမား ကော်စတာကို ချဲလ်ဆီးအသင်းကလည်း ယူရို ၇၅ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးနေကာ လက်ဦးမှုရယူရန် ကြိုးပမ်းလျက်ရှိသည်။
- ခံစစ်ကစားသမား လူးကပ်ဟာနန်ဒက်စ်၏ ဒဏ်ရာခွဲစိတ်မှု အောင်မြင်ခဲ့ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ထုတ်ပြန်ကြေညာခဲ့သည်။
- မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့သည့် စီရော်နယ်ဒိုကို ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းနှင့် ဘရာဇီးကလပ် ဖလာမင်ဂိုအသင်းတို့က ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ML

## ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်

| | | | | |
|---|---|---|---|---|
| ဝေးလ် | ၀ | - | ၂ | အီရန် |
| ကာတာ | ၁ | - | ၃ | ဆီနီဂေါ |
| နယ်သာလန် | ၁ | - | ၁ | အီကွေဒေါ |

(ဝ၄ဝ)

ခရီးသွားဆောင်းပါး

# လှပဝင့်ထည် ကင်းတားဆည်

သက်နိုင်(ပြင်ဦးလွင်)

ပြကွၤရွှေတောင်ပေါ်မှာ စွယ်တော်မြတ်စေတီတော်ကြီးကို ဖူးမြော်ကန်တော့လှည့်လည်ပတ်ခဲ့ကြပြီး တောင်အောက်ကိုပြန်ဆင်းကြဖို့ပြင်ဆင်တော့ နံနက် ၁၁ နာရီခွဲကျော်နေပါပြီ။ တောင်ပေါ်ကို တက်ချိန် သုံးနာရီ၊ ဆင်းချိန် နှစ်နာရီဆိုပြီး နယ်ခံလမ်းပြက သတ်မှတ်ထားပေမဲ့ တက်ချိန်ကို နှစ်နာရီခွဲတည်းနဲ့ တက်ရောက်နိုင်ခဲ့ကြတာမို့ ဆင်းချိန်ကိုလဲ နှစ်နာရီမရှိနိုင်ဘူးလို့ ခန့်မှန်းထားလိုက်ကြတယ်။ အတက်ခရီးမှာ အားကြိုးမာန်တက်နဲ့ သတ်မှတ်ချိန်ထက် မိနစ် ၃၀ လျော့ပြီး တက်ရောက်ခဲ့ကြပြီးဖြစ်တာကြောင့် အဆင်းခရီးမှာလဲ သတ်မှတ်ချိန်ထက်လျော့မယ်လို့ ကြိုတင်ခန့်မှန်းတွက်ချက်ထားလိုက်ကြပေမဲ့ ထင်သလောက်မလွယ်ကူကြပါဘူး။ မကြာခဏဆိုသလို ဆင်ခြေလျှော မတ်မတ်မြင့်မြင့်ကြီးတွေကို တွေ့တဲ့အခါ အတက်ခရီးတုန်းက ဒီအတက်မတ်မတ်မြင့်မြင့်ကြီးတွေကို ဘယ်လိုများတက်ခဲ့ကြတာပါလိမ့်ဆိုပြီး အံ့ဩခဲ့ရတဲ့အကြိမ်တွေလဲ မနည်းပါဘူး။

တောင်တက်၊ တောင်ဆင်း လမ်းတစ်လျှောက် နေရာတိုင်းနီးပါးမှာ တောဆီးဖြူပင်တွေနဲ့ အပြွတ်လိုက်၊ အခိုင်လိုက်သီးနေကြတဲ့ဆီးဖြူသီးတွေ၊ တစ်ခါတစ်ရံ ဖန်ခါးပင်တွေနဲ့ အောက်ကိုကြွေကျနေတဲ့ ဖန်ခါးသီးတွေရှိနေတာကြောင့် အတက်ခရီးတုန်းက ဆီးဖြူသီးလေးမြုံ့လိုက်၊ ဖန်ခါးသီးလေးစားလိုက်၊ ရေလေးသောက်လိုက်၊ ခဏနားလိုက်နဲ့ တက်လာခဲ့ကြရတယ်။ အခု အဆင်းခရီးမှာ ဆီးဖြူသီးလဲ မမြုံ့နိုင်၊ ဖန်ခါးသီးကိုလဲ မကိုက်မစားနိုင်နဲ့တောင်အောက်ကို ပြုတ်ကျမသွားအောင် အထူးသတိထားဂရုစိုက်ပြီး ဆင်းနေကြရတယ်။ အတက်ခရီးမှာကတည်းက အသုံးပြုလာခဲ့ကြရတဲ့ တောင်ဝှေးတွေကို ဆက်လက်အားကိုးအသုံးပြုလာကြရတဲ့အပြင် တစ်ခါတစ်ရံ အဆင်းမတ်မတ်တွေမှာ အနီးမှာရှိတဲ့သစ်မြစ်ကြီးတွေ၊ သစ်ပင်၊ နွယ်ပင်တွေ၊ သစ်ကိုင်းသစ်ခက်တွေကို အကူအညီယူပြီး ကိုင်တွယ်ဆင်းသက်ကြရတယ်။ အဆင်းခရီးဆိုပြီး သက်သာလွယ်ကူမယ် ထင်မှတ်ထားမိခဲ့ပေမဲ့ ဒူးညောင်းပြီး တုန်ရီနေကြရတယ်။ ဒါကြောင့်လဲ အတက်ခရီးတုန်းက နားခဲ့ကြရတဲ့ ကျောက်ဆောင်ကြီးတွေပေါ်၊ ဇရပ်ကြီးတွေပေါ်ရောက်တိုင်း ခေတ္တခဏနားပြီးမှ ခရီးဆက်ကြရတော့တယ်။

အပြန်ဖြစ်တဲ့အဆင်းခရီးမှာ ခရီးဖော်တွေအားလုံး အနာတရနဲ့ဒုက္ခဖြစ်တဲ့အဖြစ်အပျက် တစ်ခုကိုလဲ ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။ အသက်အန္တရာယ်ကို ထိခိုက်နိုင်၊ ခြေလက်အင်္ဂါတွေ ပျက်စီးဆုံးရှုံးနိုင်တဲ့ အန္တရာယ်မျိုးမဟုတ်ပေမဲ့ မျက်ရည်ကျရလောက်အောင် နာကျင်ခံစားကြရတယ်။ ဖြစ်ပွားခဲ့ရတဲ့အဓိကအကြောင်းရင်းက ရှေ့ဆုံးကနေ ဦးဆောင်လမ်းပြသွားနေတဲ့ လမ်းပြဖြစ်သူရဲ့ စေတနာအမှားတစ်ခုကြောင့်ပါ။ လမ်းပြက ရှေ့ကနေ ဦးဆောင်လမ်းပြသွားနေရင်း လမ်းနဲ့မလွတ်တဲ့၊ လူနဲ့မလွတ်တဲ့သစ်ကိုင်းသစ်ခက်တွေကို တွေ့မြင်တိုင်း စေတနာနဲ့ ချိုးဖြတ်ပေးသွားခဲ့တာကြောင့် သစ်ပင်သစ်ကိုင်းတစ်ခုမှာ အုံဖွဲ့နေထိုင်လျက်ရှိနေကြတဲ့ နကျယ်ကောင်တွေလား၊ ပဆုပ်ပနီကောင်တွေလားမသိ။ အဆိပ်ရှိတဲ့အကောင်တွေက အနားကဖြတ်သွားသမျှလူအားလုံးကို ဝိုင်းဝန်းတုပ်လိုက်ကြတော့တာပါ။ ခေါင်းတွေ၊ နဖူးတွေ၊ မျက်နှာတွေ၊ ခြေ၊ လက်တွေကို အတုပ်ခံကြရတာ တစ်ယောက်ကို အနည်းဆုံး သုံး၊ လေးချက်လောက် အတုပ်ခံကြရလို့ အတုပ်ခံရတဲ့နေရာတွေမှာ နီရဲဖူးရောင်လာပြီး တအားနာကျင်ခဲ့ကြရတယ်။ တောတွင်းခရီးတွေကို သွားကြမယ်ဆိုရင် သတိထားဂရုစိုက်ရမဲ့ အချက်တစ်ချက်အဖြစ်လဲ ဗဟုသုတရရှိခဲ့ရတယ်။

ခရီးဖော်တွေအားလုံးက မျက်နှာတွေရှုံ့မဲ့ပြီး ခေါင်းပွတ်လိုက်၊ နဖူးပွတ်လိုက်၊ ပါးပွတ်လိုက်နဲ့ ဆင်းလာခဲ့ကြတာ မောနားတောင်ကို မွန်းလွဲ ၁ နာရီကျော်မှာ ပြန်လည်ရောက်ရှိလာကြတယ်။ ဆင်းချိန် တစ်နာရီခွဲကြာမြင့်ခဲ့ပါတယ်။ အဆိပ်ရှိတဲ့အကောင်တွေ အတုပ်ခံခဲ့ရပြီးကတည်းက လမ်းပြကလဲ သစ်ကိုင်းတွေကို မချိုးမဖြတ်တော့၊ ခရီးဖော်တွေအားလုံးကလဲ နာကျင်မှုဝေဒနာတွေခံစားရင်း မြန်မြန်သွက်သွက် လျှောက်ခဲ့ကြရတာကြောင့် ဆင်းချိန်မှာ မြန်သွားရတဲ့အပြင် တောင်အောက်ရောက်မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်မောကြရတော့တယ်။ မျက်နှာတွေ၊ နဖူးတွေအားလုံးက နီနီရဲရဲ ရောင်ရောင်အန်းအန်းတွေနဲ့ပါ။

ကားရပ်ထားခဲ့တဲ့ မောနားတောင်ကိုရောက်မှ မနက်ကတည်းက ချက်ပြုတ်ယူဆောင်လာကြတဲ့ အကျိုးကျေးဇူးတွေပါ။

ကင်းတားဆည်ရှိရာကို ကူမဲ-ကင်းတား ကတ္တရာခင်းလမ်းအတိုင်း ၂၁ မိုင် သွားရောက်ရပါတယ်။ မိမိတို့အဖွဲ့က ပြကွၤရွှေတောင်လမ်းခွဲကနေ သွားရောက်ရတာဖြစ်တဲ့အတွက် ၂၁ မိုင်မရှိတော့ဘဲ ၁၆ မိုင်သာဝေးကွာပါတော့တယ်။ လမ်းဘေးတစ်လျှောက် ဝဲယာမှာ သစ်ကြီးဝါးကြီးတွေ မရှိတော့တဲ့ တောတောင်တွေကို မြင်တွေ့နေရတယ်။ ကင်းတားဆည်ရောက်ခါနီးမှာ ကတ္တရာလမ်းမကြီးကနေ တောတွင်းကျောက်ခင်းလမ်းတစ်ခုရှိရာကို ချိုးကွေ့ဝင်ရောက်လာကြရတယ်။ လမ်းအခြေအနေက ကျင်းတွေ၊ ချိုင့်တွေ၊ ကုန်းမြင့်တွေ၊ ချောင်းမြောင်းတွေကို ဖြတ်သန်းမောင်းနှင်နေရပြီး အလွန်ဆိုးရွားကြမ်းတမ်းလှပါတယ်။



သာယာလှပနေသော ကင်းတားဆည်

ထမင်း၊ ဟင်းတွေကို စားသောက်ကြရတယ်။ ထမင်းစားသောက်ပြီးတာနဲ့ လမ်းပြဖြစ်သူက ကင်းတားဆည်ကို သွားမယ်ဆိုရင် အချိန်ရတယ်။ သွားကြမလားလို့ မေးမြန်းတာကြောင့် အားလုံးကလဲ သွားကြမယ်ဆိုပြီး ကင်းတားဆည်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အတက်၊ အဆင်းကြမ်းတဲ့ မတ်စောက်လှတဲ့ မောနားတောင်အောက်ထိ ကားကို သတိထားမောင်းဆင်းလာခဲ့ပြီး တောင်အောက်ကို ရောက်တဲ့အခါ ဆိုင်ကယ်တစ်စီးက လက်ပြတားနေတာကို တွေ့လိုက်ရတာကြောင့် ကားရပ်ပေးလိုက်ရတယ်။ ဆိုင်ကယ်ရပ်ပြီး လက်ပြတားနေသူတွေက အခြားလူတွေမဟုတ်ဘဲ တောင်ပေါ်ကို အတူတူတက်ရောက်ခဲ့ကြတဲ့ လူငယ်မောင်နှမနှစ်ယောက် ဖြစ်နေတယ်။

ပြကွၤရွှေတောင်ပေါ်ကို မိမိတို့အဖွဲ့စတင်တက်ရောက်နေချိန်မှာ ဘယ်သူမှမရှိ၊ မတွေ့မမြင်ရဘဲ လမ်းတစ်ဝက်ခရီးလောက်ရောက်မှ မောင်နှမနှစ်ယောက်က ကျော်ဖြတ်တက်ရောက်သွားကြတာပါ။ တောင်တက်ခရီးတစ်လျှောက် သူတို့ကကျော်သွားလိုက်၊ မိမိတို့က ပြန်ကျော်တက်သွားလိုက်နဲ့ ကြာလာတာနဲ့အမျှ အတူတူတက်၊ အတူတူနား၊ အတူတူစား၊ မေးမြန်းနှုတ်ဆက်စကားပြောကြရင်း တစ်ခဏတာအချိန်တိုလေးအတွင်း ရင်းနှီးသွားကြရတယ်။ သူတို့က မြစ်သားမြို့ပေါ်ကပါ။ မိမိတို့အဖွဲ့က ကင်းတားဆည်ထိ ဆက်လက်သွားရောက်ကြမှာကို သိရှိထားကြလို့ အတူတူလိုက်ပါလိုကြောင်း ပြောပြတာကြောင့် သဘောတူလက်ခံပြီး တစ်ပါတည်းခေါ်ဆောင်လာခဲ့လိုက်တယ်။ ခရီးတွေထွက်ရင်း ဒီလိုသိကျွမ်းရင်းနှီးခွင့်ရခဲ့တဲ့ မိတ်ဆွေတွေကို အများအပြားကြုံတွေ့ခဲ့ရပါတယ်။ အချို့မိတ်ဆွေတွေဆို ငယ်ပေါင်းတွေလို၊ မိသားစုဆွေမျိုးသားချင်းတွေလို ဖြစ်သွားခဲ့ကြပြီး သူ့ဆီကိုယ်သွား၊ ကိုယ့်ဆီသူလာနဲ့ အပြန်အလှန် အကူအညီတွေပေးကြ၊ အလုပ်တွေလုပ်ကြနဲ့ နှစ်ဦးနှစ်ဖက်အဆင်ပြေကြရတယ်။ ဒါတွေက ခရီးသွားလာခြင်းရဲ့

ကင်းတားဆည်ကိုရောက်ခါနီး တာတမံပေါင်ကုန်းမို့မို့ကြီးကို ဖြတ်သန်းတက်ရောက်မောင်းနှင်ရတဲ့နေရာက အဆိုးရွားဆုံးပါ။ တောင်ကျရေတိုက်စားထားတာတွေ၊ ကျောက်ဆောင်ကျောက်ခဲတွေ၊ မညီညာတဲ့ မြေမျက်နှာပြင် အနေအထားတွေကြောင့် အထူးသတိထား အသက်အောင့်ပြီး မောင်းနေရတယ်။ ကားဘီးရာလမ်းကြောင်းလွဲပြီး နည်းနည်းလောက်မှားသွားလိုက်တာနဲ့ ကျရောက်လာမဲ့ အန္တရာယ်တွေက မတွေးဝံ့စရာပါ။

ကင်းတားဆည်ထဲမှာ စက်လှေစီးပြီးလည်ပတ်ကြတယ်ဆိုတာကလဲ သွားလာလည်ပတ်ကြသူ မရှိသလောက် အလွန်နည်းပြီး မိမိတို့ကသာ လမ်းပြရဲ့နယ်မြေကျွမ်းကျင်မှု၊ အပေါင်းအသင်းမိတ်ဆွေအားကောင်းမွန်မှုတို့ကြောင့် ရောက်ရှိရတာပါ။ ကင်းတားဆည် ရေပြင်ဧရိယာမှာ စက်လှေမောင်းနှင်ခွင့်မရှိဘဲ အချင်းချင်း နားလည်မှုတွေနဲ့ သွားလာနေကြရတာဖြစ်ကြောင်း သိလိုက်ရတယ်။ မောင်းလာတဲ့ကားက တာတမံပေါင်ကြီးကို ခက်ခက်ခဲခဲ ကျော်ဖြတ်မောင်းနှင်ပြီးတာနဲ့ အဆင်းလမ်းအဖြစ် ပြန်လည်ရောက်ရှိသွားတယ်။ အဆင်းလမ်းကိုဆင်းလာပြီး မကြာခင်မှာ အိမ်ခြေတဲငယ်လေးတွေ ဟိုတစ်လုံး၊ ဒီတစ်လုံးစုဝေးနေတဲ့နေရာတစ်ခုကို ရောက်ရှိလာတယ်။ ဒီနေရာမှာ ကားကိုရပ်နားထားခဲ့ရပြီး မြေသားလမ်းလေးအတိုင်း ရေလှောင်တမံစက်လှေဆိပ်ရှိရာကို ခြေကျင်ဆင်းလာခဲ့ရတယ်။ စက်လှေတွေကို ရေလှောင်တမံအစပ်သစ်ပင်ချုံနွယ်တွေကြားထဲမှာ အများအပြား ဖုံးဖုံးအုပ်အုပ်နဲ့ တွေ့မြင်နေရသလို ရေလှောင်တမံထဲမှာ သစ်ကြီးဝါးကြီးတွေကို အစုလိုက် အပြုံလိုက်တွေ့မြင်နေရတယ်။ အနီးပတ်ဝန်းကျင်မှာရှိတဲ့ သစ်တွေ၊ ဝါးတွေကို ခုတ်ယူကြပြီး ရေလှောင်တမံထဲကနေ စက်လှေတွေနဲ့ သယ်ယူနေကြတာပါ။ စက်လှေဆိပ်ကနေ တစ်ဆင့် သစ်တင်ကားကြီးတွေနဲ့ ပြန်လည်သယ်ယူနေကြတာကြောင့် မိမိတို့မောင်းနှင်လာခဲ့ရတဲ့လမ်းအခြေအနေက အလွန်ဆိုးရွားနေရတယ်။

စက်လှေဆိပ်ကိုရောက်တာနဲ့ ကြိုတင်ချိတ်ဆက်ထားတဲ့ စက်လှေက အသင့်စောင့်ကြိုနေတာကို တွေ့ရတယ်။ စက်လှေက သစ်လုံးဝါးလုံးတွေတင်နေတဲ့ စက်လှေဖြစ်ပြီး လူ ၂၀ ကျော်စီးလို့ရနေတယ်။ စက်လှေပေါ်မှာ လူစုံတာနဲ့ ပန်းလောင်မြစ်ကိုတမံပိတ်ထားတဲ့ ကင်းတားဆည်ရေပြင်အတွင်း စတင်ခုတ်မောင်းလှေလာကြရတယ်။ ဆည်ရေပြင်က ကြည်လင်စိမ်းမြနေသလို ရေပြင်ဧရိယာကလဲ ကျယ်ဝန်းလှပါတယ်။ လမ်းပြရဲ့ပြောကြားချက်အရ ကင်းတားဆည်ကို ၁၉၈၁ ခုနှစ်က စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ရေပြင်ဧရိယာနဲ့မလွတ်ကင်းတဲ့ ရွာကြီးလေးရွာ ဖယ်ရှားခံခဲ့ရကြောင်း သိရတယ်။ ဆည်အတွင်းမှာ တစ်နာရီလောက် စက်လှေစီးကြပြီးမှ တမံပေါင်ပေါ်တက်ပြီး ဆည်အလှ၊ ရေပြင်အလှနဲ့ ပတ်ဝန်းကျင်အလှတွေကို ကြည့်ကြရတယ်။ ဆည်ကြီးတစ်ခုလုံးကို တောင်ကုန်းတောင်တန်းကြီးတွေက ဝိုင်းရံပိတ်ဆို့ကာရံထားကြတာပါ။ ရေထွက်နိုင်တဲ့တောင်ကြားလေးခုကို တမံကြီးတွေနဲ့ ထပ်မံကာရံထားတာကိုလဲ တွေ့မြင်နေရတယ်။

စက်လှေသမားက ဆည်ရေပြင်အနှံ့နဲ့တာတမံပေါင်တွေရှိရာကို စိတ်ရှည်လက်ရှည်လိုက်လံပို့ဆောင်ရှင်းပြပေးပြီး စက်လှေခုတ်မောင်းချိန်နဲ့ လှေလာလည်ပတ်ချိန်စုစုပေါင်း နှစ်နာရီခန့်ကြာမြင့်ခဲ့တယ်။ စက်လှေခအဖြစ် ငွေကျပ် ၂၅၀၀၀ ပေးရတယ်။ စက်လှေဆိပ်ကို စတင်ရောက်ရှိခဲ့တဲ့အချိန်ကတည်းက စက်လှေသမားက ပြဒါးလင်းဂူကို သွားရောက်လှေလာလည်ပတ်နိုင်ကြောင်း၊ စက်လှေခုတ်မောင်းချိန်နဲ့ လှေလာလည်ပတ်ချိန် ခြောက်နာရီကြာမြင့်မည်ဖြစ်ကြောင်း၊ စက်လှေခငွေကျပ် ၃၅၀၀၀ ရှိကြောင်း ပြောဆိုခဲ့ပေမဲ့ ပြဒါးလင်းဂူထိ သွားရောက်လည်ပတ်ကြဖို့ အချိန်မရတော့တာကြောင့် နောက်တစ်ပတ်ရောက်မှ သွားကြမယ်လို့ချိန်းဆိုခဲ့ပြီး ကင်းတားဆည်ကနေ ပြန်လာခဲ့ကြတယ်။

ပြဒါးလင်းဂူက ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ထဲမှာ တည်ရှိနေတာပါ။ ရွာငံမြို့ကနေသွားရင် ကားလမ်းခရီးနဲ့ ၂၁ မိုင်ကွာဝေးတယ်လို့ သိထားရတယ်။ ဒါပေမဲ့ ကားလမ်းတွေက အလွန်ပျက်စီးနေပြီး သွားလာလို့မကောင်းတော့ဘူးဆိုတာကို သိထားရတယ်။ ဒါကြောင့် ပြဒါးလင်းဂူကိုသွားမယ်ဆိုရင် ကင်းတားဆည်အတွင်းကနေ စက်လှေခရီးနဲ့ သွားကြရတာက အကောင်းဆုံးဆိုတာကိုလဲ သိရှိလိုက်ရတယ်။ ကင်းတားဆည်ကိုရောက်ရှိလာပြီး ပြဒါးလင်းဂူထိ သွားရောက်လည်ပတ်လို့ရကြောင်း သိရှိလိုက်ရတဲ့အချိန်မှာ ဘယ်လိုမှအချိန်မမီတော့တာကြောင့် နောက်တစ်ပတ်ကျောင်းပိတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့တွေကို ထပ်မံချိန်းဆိုလိုက်ကြရတာပါ။ ပြကွၤရွှေတောင်ခရီးကို လိုက်ပါလာကြတဲ့ သူငယ်ချင်းမိသားစုနဲ့ လမ်းပြရှာခံတွေကလဲ ပြဒါးလင်းဂူကို တစ်ခါမှမရောက်ဖူးကြသေးလို့ သွားရောက်ဖို့စိတ်အားထက်သန်နေကြတယ်။

ကင်းတားဆည်ကနေ ပြန်ထွက်လာတော့ ညနေ ၄ နာရီကျော်နေပါပြီ။ သူငယ်ချင်းဖြစ်သူရဲ့ ရွာခိုင်ကြီးကျေးရွာကိုဝင်၊ ရေမိုးချိုး၊ ညနေစာထမင်းစားသောက်ပြီးမှ ပြင်ဦးလွင်မြို့ကို အေးအေးဆေးဆေး ပြန်လာကြတာ ည ၈ နာရီမှာ ရောက်ပါတယ်။ နောက်တစ်ပတ် ကျောင်းပိတ်ရက်မှာ ချိန်းဆိုထားပြီးဖြစ်တဲ့အတိုင်း ပြဒါးလင်းဂူခရီးစဉ်ကို ဆက်လက်သွားရောက်ကြရပါမယ်။ ဒီနေ့သွားရောက်ခဲ့တဲ့ ပြကွၤရွှေတောင်နဲ့ ကင်းတားဆည်ခရီးစဉ်တွေက ပင်ပန်းသလောက် ပျော်ရွှင်စရာကောင်းပြီး အမှတ်တရတွေဖြစ်ခဲ့ရတယ်။ ဒ့ါပြင် ကင်းတားဆည်ကိုရောက်တော့ ဆည်ရဲ့ လှပသာယာမှုတွေကြောင့် ပင်ပန်းသမျှတွေအားလုံး ပြေပျောက်သွားခဲ့ကြရတယ်။

# စမ်းချောင်းမြို့နယ်ရှိ စမ်းရေတွင်း Art Gallery ၌ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ စမ်းရေတွင်း Art Gallery တွင် Parallel အမည်ရှိ အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာလအတွင်း ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ စမ်းရေတွင်း Art Gallery မန်နေဂျာ ဦးစည်သူစိုးက ပြောပြ၍ သိရသည်။

အဆိုပါ Parallel အမည်ရှိ အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ပြုလုပ်သွားမည်ဖြစ်ပြီး အွန်လိုင်းတွင်သာမက ပြခန်းသို့လည်း လူကိုယ်တိုင် လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း၊ အဆိုပါ ပန်းချီပြပွဲတွင် ထင်ရှားသောပန်းချီဆရာကြီးများဖြစ်သည့် ပန်းချီ ဦးဘလုံလေး၊ ပန်းချီ ဦးသန်းဆိုင်တို့၏ပန်းချီကားများနှင့် လူငယ်ပန်းချီဆရာများဖြစ်သည့် ပန်းချီ လင်းဝဏ္ဏ၊ ပန်းချီ ဝင်းမြတ်အောင်၊ ပန်းချီ ကျော်ခေါင်၊ ပန်းချီ ထွန်းဝေ၊ ပန်းချီ တင်အောင်ထိုက်တို့၏ ပန်းချီကား ၃၅ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"Parallel ပန်းချီပြပွဲမှာတော့ နှောင်းပန်းချီဆရာကြီးတွေရဲ့ ပန်းချီလက်ရာတွေနဲ့ ကနေ့ခေတ်ပြိုင် ပန်းချီဆရာတွေရဲ့လက်ရာတွေ ပြသသွားမှာဖြစ်ပါတယ်။ ဒါကြောင့် နှောင်းခေတ်က ကျော်ကြားခဲ့တဲ့ ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေနဲ့ လူငယ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေကို နှိုင်းယှဉ်ခံစားကြည့်နိုင်အောင် စီစဉ်ထားပါတယ်" ဟု ဦးစည်သူစိုးက ပြောပြသည်။

အဆိုပါပန်းချီပြခန်းတွင် ပြသထားမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၂၄×၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၀×၃၀) လက်မ၊ (၁၈×၃၆)လက်မ၊ (၁၅×၂၂) လက်မ၊ (၁၁×၁၅) လက်မစသည့် အရွယ်အစားစုံပန်းချီကားများပါဝင်ပြီး ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကားများကို အရွယ်အစားအလိုက် ငွေကျပ် ၁၀ သိန်းမှ ငွေကျပ်သိန်း ၃၀ ထိ ဈေးနှုန်းသတ်မှတ်ထားကြောင်း သိရသည်။

ASH

# Amazon စတူဒီယိုက ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ သုံးစွဲရန်စီစဉ်ထား

**နယူးယောက် နိုဝင်ဘာ ၂၅**

ရုံတင်ပြသမည့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးအတွက် Amazon ရုပ်ရှင်စတူဒီယိုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိသုံးစွဲရန် စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ရုံတင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ သုံးစွဲမည်ဖြစ်ပြီး တစ်နှစ်လျှင် ရုပ်ရှင်ဇာတ်ကား ၁၂ ကားမှ ၁၅ ကားထိ ရိုက်ကူးထုတ်လုပ်ရေးအတွက် Amazon စတူဒီယိုက ရေရှည်စီမံကိန်း ချထားကြောင်း သိရသည်။

Amazon ရုပ်ရှင်စတူဒီယိုက နှစ်စဉ်သုံးစွဲမည့် အထက်ပါအသုံးစရိတ်ပမာဏသည် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီနှင့် ဝါနာဘရားသားကုမ္ပဏီတို့၏ နှစ်စဉ်အသုံးစရိတ်နီးပါးပင်ရှိကြောင်း သိရသည်။

Amazon နှင့် ၎င်း၏အွန်လိုင်းရုပ်ရှင်ထုတ်လွှင့်ရေးစနစ်ဖြစ်သည့် Prime Video တို့သည် Manchester by the Sea၊ The Big Sick နှင့် Sound of Metal ကဲ့သို့ နာမည်ကျော်ရုပ်ရှင်ဇာတ်ကားအများအပြားကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO




# (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ဘူးသီးတောင်မြို့၌ ဒီဇင်ဘာ ၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်

**ဘူးသီးတောင် နိုဝင်ဘာ ၂၅**

(၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ဒီဇင်ဘာ ၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးဦးသိန်းမောင်က ပြောပြ၍ သိရသည်။

အဆိုပါ ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ကလေးသူငယ်များ၊ လူငယ်လူရွယ်များအတွက် အားကစားပွဲများဖြစ်သည့် တာတိုမီတာအပြေးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဘောလုံးပွဲများကိုလည်းကောင်း၊ ကလေးသူငယ်များအတွက် မုန့်ကိုက်ပြိုင်ပွဲ၊ ကွမ်းသီးကောက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပွဲများကိုလည်းကောင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



"(၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပနေကျပုံစံအတိုင်း ဘူးသီးတောင်မြို့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အခမ်းအနားမှာ ရခိုင်တိုင်းရင်းသားရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတင်ဆက်မှုဖြစ်သလို ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲတွေကိုလဲ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဦးဦးသိန်းမောင်က ပြောပြသည်။

၁၉၇၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ရခိုင်ပြည်နယ်နေ့ အခမ်းအနားများကို ရခိုင်ပြည်နယ်အပါအဝင် ရခိုင်တိုင်းရင်းသားအများအပြားနေထိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင်လည်း ကျင်းပကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ASH

# မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုက သက်ကြီးဂီတပညာရှင်များကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုက (၁၂) ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလဒုတိယပတ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုမှ ပြန်ကြားရေးမှူး ဦးစိုးထွဋ်ခိုင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံးဗဟိုက ကျင်းပသည့် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၀ ပြည့်နှစ်က ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ် ပူဇော်ပွဲကျင်းပခဲ့စဉ်က သက်ကြီးဂီတပညာရှင် ၁၅ ဦးခန့်ကိုသာ ပူဇော်ကန်တော့နိုင်ခဲ့ပြီး နှစ်စဉ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခဲ့ရာ (၁၁) ကြိမ်မြောက် သက်ကြီးဂီတပညာရှင်ကန်တော့ပွဲတွင် သက်ကြီးဂီတပညာရှင် ၁၄၅ ဦးထိ ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်လဲ မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေနဲ့ သက်ကြီးဂီတပညာရှင်တွေကို ပူဇော်ကန်တော့မှာဖြစ်ပါတယ်။ မနှစ်က (၁၁) ကြိမ်မြောက်တုန်းကတော့ သက်ကြီးဂီတပညာရှင် ၁၄၅ ယောက်ကို ကန်တော့ခဲ့ပါတယ်။ ဒီနှစ်လဲ အဲဒီလောက်ပဲဖြစ်ပါမယ်။ သက်ကြီးဂီတပညာရှင်တစ်ယောက်ကို ဂါရဝပြုကန်တော့ငွေကျပ် နှစ်သိန်း၊ ဆေးဝါးနဲ့ အခြားကန်တော့ပစ္စည်းတွေ ပါဝင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုအနေနဲ့ သက်ကြီးဂီတပညာရှင်တွေကို ပူဇော်ကန်တော့ရာမှာ စတင်ပူဇော်ကန်တော့စဉ်က ကန်တော့ခံအသက်အရွယ်ကို အသက် ၈၀ ပြည့်အဖြစ် သတ်မှတ်ခဲ့ပေမဲ့ နောက်ပိုင်းမှာ အသက် ၇၅ နှစ် သတ်မှတ်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုမှ ပြန်ကြားရေးမှူး ဦးစိုးထွဋ်ခိုင်က ပြောပြသည်။

သက်ကြီးဂီတပညာရှင်များကို ပူဇော်ကန်တော့ရာတွင် မိုနို၊ စတီရီယို၊ မဟာဂီတ စသည့် ဂီတအမျိုးအစားများ ခွဲခြားထားခြင်းမရှိဘဲ မြန်မာနိုင်ငံ ဂီတအစည်းအရုံးသို့ အသင်းဝင်အဖြစ် ဝင်ရောက်ထားသည်ဖြစ်စေ၊ မဝင်ရောက်သည်ဖြစ်စေ အသက်အရွယ်အားဖြင့် ကန်တော့ခံအသက်အရွယ်ရောက်သည့် ဂီတသမားစစ်စစ်များကို ဆက်သွယ်ရှာဖွေကာ ဂါရဝပြု ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# The Iron Claw ဇာတ်ကားတွင် မင်းသား အေရှန်ဒင်းအိုက်ဆင်ဘာ့ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၅**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ The Iron Claw ဇာတ်ကားတွင် မင်းသား အေရှန်ဒင်းအိုက်ဆင်ဘာ့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

The Iron Claw ဇာတ်ကားသည် ကမ္ဘာကျော်နပန်းအားကစားသမားမိသားစုဖြစ်သည့် ဗွန်အားရစ်မိသားစု၏ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား အေရှန်ဒင်းအိုက်ဆင်ဘာ့သည် နာမည်ကျော်နပန်းသမား ရစ်ဖလဲယားအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။

The Iron Claw ဇာတ်ကားတွင် အေရှန်ဒင်းအိုက်ဆင်ဘာ့သည် မင်းသား ဇက်အက်ဖရွန်၊ ဟာရစ်ဒစ်ကင်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရှောင်ဒါကင်းက ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေးပြီး ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် The Iron Claw ဇာတ်ကား ရုံတင်မည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing presents award at 2022 Tatmadaw (Army, Navy and Air) sports meet




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the final match of A level 2022 59th Defence Services Commander-in-Chief's Trophy football tournament.

**Nay Pyi Taw November 25**

Prize-presentation ceremony of 2022 Tatmadaw (Army, Navy and Air) sports meet was held at Zeyathiri Tatmadaw Sports Ground here this evening. Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the ceremony and presented prizes to winners.

Present together with the Senior General were his wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Union ministers and their wives, senior military officers of Office of Commander-in-Chief and their wives, the Nay Pyi Taw Command commander and wife, officers, other ranks and families of Office of Commander-in-Chief (Army, Navy and Air), officer trainees of National Defence College, officers, other ranks and families of battalions/units under the Nay Pyi Taw Command, members of Nay Pyi Taw War Veterans Organization, trainees of Tatmadaw Football Academy, invited guests and athletes.

Central Command team and Yangon Command team met in the final of A level 2022 59th Defence Services Commander-in-Chief's Trophy football tournament. The two finalists play a thrilling match launching attacks and counterattacks. Because of weakness in goalmouth action and brilliant safes of goalkeepers of both teams, both teams could not score goals in the normal playing time. Yangon Command scored the winning goal in the first six minutes of the extra time. The Central Command's efforts to score an equalizer were in vain. Yangon Command won the match with 1-0 result.

Together with the Tatmadaw (Army, Navy and Air) military band flag bearer troops led by parade commander, members of 17 sports teams and six prize winner football teams took positions in the sports ground.

At the prize-presentation ceremony, Quartermaster–General Lt-Gen Kyaw Swa Lin presented prizes, cash awards and individual medals to North-East Command team for fair-play award in B level match and Eastern Command in fair-play award in A level, and to No 99 Light Infantry Division for third prize in B level.

Chairman of Tatmadaw Sports and Physucal Education Administrative Committee Adjutant-General Lt-Gen Soe Min Oo presented cash awards and individual medals to position-wise best player winners in B level, best player of the tournament, and Northern Commander team that won the third place in A level.

Lt-Gen Than Tun Oo of Office of Commander-in-Chief (Army) presented cash awards and individual medals to position-wise best players and the best player of the tournament in A level and South-East Commander team that won the second place in B level.

Commander-in-Chief (Air) General Tun Aung presented cash awards and individual medals to Central Command team runner-up in the A level, Commander-in-Chief (Navy) Admiral Moe Aung to North-East Command team champion of the B level, and Chief of General Staff (Army, Navy and Air) General Maung Maung Aye to champion Yangon Commander in the A level.

Vice-Senior General Soe Win presented first-prize trophies and additional trophies and cash awards to B level champion North-East Command team and A level champion Yangon Command team.

Senior General Min Aung Hlaing presented the Defence Services Commander-in-Chief's championship trophy of the sports meet to Tatmadaw (Navy) team that stood first in the medal standings with 50 gold medals, 35 silver medals and 37 bronze medals, totaling 122 to the administrator and athletes.

After the conclusion of the ceremony Flag Bearer Troops led by parade commander, 17 sports teams and military band representing Tatmadaw (Army, Navy and Air) left the ground in a military column waving their hands, and the Senior General and wife and attendees waved at them.

While they were leaving the ground, fireworks were set off to mark the successful conclusion of the football match and sports meet. 100



Senior General Min Aung Hlaing presents championship trophy to Tatmadaw (Navy) team.



Vice-Senior General Soe Win presents trophy to a winning team.



Fireworks being set off to mark the successful conclusion of the ceremony.

# SAC Vice Chairman Dy PM Vice-Senior General Soe Win receives Mr. Hideo Watanabe, Chairman of Japan-Myanmar Friendship Association


Vice-Senior General Soe Win receives Mr. Hideo Watanabe, Chairman of Japan-Myanmar Friendship Association.

**Nay Pyi Taw November 25**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win received Mr. Hideo Watanabe, Chairman of Japan-Myanmar Friendship Association, at the parlour of the SAC Office in Nay Pyi Taw this morning.

At the meeting, they frankly exchanged views on further cooperation measures of the Japan-Myanmar Friendship Association, undertakings for improvement of Thilawa Special Economic Zone, internal and international political and economic progress, investments of Japan, political changes in Myanmar, and implementation of the road-map and objectives.

After the meeting, the Vice-Senior General and the Chairman of Japan-Myanmar Friendship Association exchanged commemorative gifts.

Also present at the meeting were Deputy Minister for Foreign Affairs U Kyaw Myo Htut and officials. The Chairman of Japan-Myanmar Friendship Association was accompanied by Secretary Mr. Yusuke Watanabe.

100

# Kanpaiti border trade camp sells more than 9,000 tons of tissue banana from 1 to 20 November

**Myitkyina November 25**

The Ministry of Commerce on 23 November stated that Kanpaiti border trade camp sold out more than 9,000 tons of tissue banana from 1 to 20 November.

Tissue banana is cultivated in Waingmaw, Bhamo and Momauk townships of Kachin State as of 2006. Local farmers export tissue banana to China via Kanpaiti border trade camp.

In 2018, sown acreage of tissue banana in Kachin State increased to more than 600,000 acres due to high demand from China.

In 2020-21 fiscal year, Myanmar sent some 800,000 tons of tissue banana worth US$328 million to China.

Some Chinese merchants purchase tissue banana at the farms in Kachin State. As of May 2022-23 fiscal year, some 100 trucks were used in conveying tissue banana per day and at present, 200 trucks on a daily basis.

In October, 3,350 tons of tissue banana was exported to China and 9,175 tons from 1 to 20 November.

The authorities allowed import of six kinds of packaging materials to be used in export of tissue banana as temporary admission under the tax regulations.

From 1 to 20 November, 1,049.8 tons of six packaging materials were allowed to be imported. The Trade Department issues the import licence for import of these materials under the temporary admission.

Till 11 November this year, Kanpaiti camp handled US$39.79 million worth of export goods and US$7.005 million worth of import ones, totalling US$46.795 million.

336


Tissue bananas seen at the border trade camp before export.

# French vote for right to abortion in constitution

**Paris November 25**

France's National Assembly has backed a bid to enshrine the right to abortion in the constitution, prompted largely by increased restrictions elsewhere.

Lawmakers voted by a large majority to include a clause guaranteeing "the effectiveness and equal access to the right to end pregnancy voluntarily".

Left-wing MP Mathilde Panot, who is behind the change, said it was to protect against the "backsliding" seen in the US and Poland.

But the bill will face a tough passage.

Last month the upper house, the Senate, rejected a similar proposal and is thought unlikely to back the new amendment. Right-wing parties - which dominate the Senate - argue that abortion rights are not under threat in France.

A change of constitution would also have to go to a referendum, although opinion polls suggest more than 80% of French voters are behind it.

Ms Panot's amendment went through after securing the support of MPs in Emmanuel Macron's ruling Renaissance party, but a reference to the right to contraception was scrapped.

Macron MP Aurore Bergé had been due to present her own abortion amendment next week but withdrew it, telling MPs how her mother had endured an abortion without anaesthetic before it was legalised in 1974.

"The question of access to abortion and of protecting it isn't a whim; it shouldn't be politicised; it's not a matter of party politics," she said. BBC

# Itamar Ben-Gvir: Israeli far-right leader set to join new coalition

**Jerusalem November 25**

Israel's far-right Jewish Power party has signed a coalition agreement with Benjamin Netanyahu's Likud party.

Its leader, Itamar Ben-Gvir, is set to become national security minister under the deal.

The ultra-nationalist politician is known for his anti-Arab comments and has a past conviction for racism.

It comes after Likud and its religious and far-right allies won a majority in an election earlier this month, marking a dramatic comeback for Mr Netanyahu.

"We took a big step tonight toward a full coalition agreement, toward forming a fully, fully right-wing government," Mr Ben-Gvir said in a statement after the deal was agreed.

Negotiations with other potential coalition partners are continuing.

Mr Ben-Gvir is a controversial figure in Israel. He was a follower of the late, explicitly racist, ultra-nationalist Meir Kahane, whose organisation was banned in Israel and designated as a terrorist group by the United States.

In the past, he has called for the deportation of citizens considered "disloyal".

While he has attempted rebrand himself as a more conventional politician, he still takes an extremely hard line on security issues.

This year has seen increased tension between Israelis and Palestinians, with gun and knife attacks targeting Israelis, and Israeli military raids killing Palestinian gunmen and civilians in the occupied West Bank.

BBC


Itamar Ben-Gvir is set to become Israel's national security minister.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက ယူကရိန်းစစ်ဘက်ပို့ဆောင်ရေးများအား ပစ်မှတ်ထား၍ ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့သည့်ရည်ရွယ်ချက်ကို ကုလသမဂ္ဂသို့ပြောကြား



အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက ယူကရိန်းပဋိပက္ခကို ရှည်ကြာစေရန် ယူကရိန်းသို့ လက်နက်များပံ့ပိုးနေသည့်အတွက် ရုရှားစစ်ဘက်သည် ယူကရိန်း၏ အခြေခံအဆောက်အအုံများကို တိကျပဲ့ထိန်းလက်နက်များအသုံးပြုကာ ဟန့်တားပေးလျက်ရှိကြောင်း ရုရှားနိုင်ငံမှ ကုလသမဂ္ဂဆိုင်ရာ အထူးသံတမန် Vasily Nebenzia က နိုဝင်ဘာ ၂၃ ရက်က ပြောကြားခဲ့သည်။

ယူကရိန်းနှင့် မော်လ်ဒိုဗာတွင် မဟာဓာတ်အားလိုင်းပြိုကျပျက်စီးမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အထူးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ရုရှား၏ ဒုံးကျည်တိုက်ခိုက်မှုများသည် NATO က ရုရှားကို နောက်ကွယ်မှတိုက်ခိုက်နေသည့် ကြားခံစစ် တစ်နည်းအားဖြင့် ကိုယ်ပွားစစ်တွင် ရှေ့တန်းကျကျတိုက်ပွဲဝင်နေသော ယူကရိန်းတပ်ဖွဲ့များထံ အနောက်နိုင်ငံများက လက်နက်နှင့် ပံ့ပိုးရေးပစ္စည်းများပေးပို့မှုကို ဟန့်တားရန် ရည်ရွယ်သည်ဟု Vasily Nebenzia က ပြောကြားခဲ့သည်။

ရုရှားသည် အရပ်သားနေထိုင်ရာများကို ပစ်မှတ်ထားခြင်းမဟုတ်ကြောင်း Vasily Nebenzia က ပြောကြားခဲ့ပြီး လူနေရပ်ကွက်များတွင် ဝမ်းနည်းဖွယ်ကောင်းလောက်အောင် ပျက်စီးမှုများသည် လူနေထူထပ်သောနေရာများတွင် ယူကရိန်းတို့၏ လေကြောင်းရန်ကာကွယ်ရေးတပ်များ တပ်ဖြန့်ချထားခြင်းကြောင့် မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ပြောကြားခဲ့သည်။

"ရလဒ်အနေနဲ့ကတော့ ဒုံးကျည်အပျက်အစီးတွေ ဒါမှမဟုတ် လမ်းလွဲသွားခဲ့တဲ့ ယူကရိန်းလေကာဒုံးကျည်တွေဟာ ရုရှားက ပစ်မှတ်တင်မထားတဲ့ အရာဝတ္ထုတွေ၊ နေရာ၊ အဆောက်အအုံတွေကို ထိမှန်ပျက်စီးစေခဲ့ပါတယ်"ဟု ယူကရိန်းနှင့် အနီးအနားရှိ Vyshgorod မြို့တွင် ၎င်းတို့၏ နေအိမ်အပျက်အစီးများမှ အမေရိကန်ပံ့ပိုးပေးသော ဒုံးကျည်အပိုင်းအစများကို ယူကရိန်းနိုင်ငံသားများကိုယ်တိုင် နိုဝင်ဘာ ၂၃ ရက်က မျှဝေထားသည့်ဓာတ်ပုံများကို ညွှန်ပြရင်း ပြောကြားခဲ့သည်။

"ယူကရိန်းဆီ ဒီနိုင်ငံတွေကနေ မဆင်မခြင် လက်နက်တွေပံ့ပိုးနေတာဟာ ဒီလိုလူအသေအပျောက်တွေဖြစ်စေပါတယ်"ဟု ၎င်းက လုံခြုံရေးကောင်စီရှိ အနောက်တိုင်းသံတမန်များကို ပြောကြားခဲ့သည်။

Nebenzia က ပိုလန်နိုင်ငံ Przewodow ရွာတွင် ယူကရိန်းတို့၏ S-300 ဒုံးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ရွာသားနှစ်ဦးသေဆုံးခဲ့သော နိုဝင်ဘာ ၁၅ ရက်ဖြစ်စဉ်အတွက် ယူကရိန်းတို့ဘက်က ဒေါသူပုန်ထပြီး ရက်စက်ကြမ်းကြုတ်သော ကြေညာချက်များကိုလည်း မှတ်ချက်ပြုပြောကြားခဲ့သည်။ အနောက်နိုင်ငံများနှင့် ကုလသမဂ္ဂအရာရှိများပင်လျှင် အထောက်အထားမရှိဘဲ ယူကရိန်းစွပ်စွဲချက်များကို အဟုတ်ထင်လျက် ထပ်တလဲလဲ ပြစ်တင်ရှုတ်ချပြောဆိုခဲ့ကြသည်ဟု ၎င်းက ထောက်ပြခဲ့သည်။

ရုရှား၏ရည်မှန်းချက်များထဲမှ တစ်ခုသည် ရုရှားနိုင်ငံအပေါ် ယူကရိန်းစစ်ဘက်က ခြိမ်းခြောက်မှုများကို လျှော့ပါးစေရန်ဖြစ်ပြီး ကီယက်ဗ်သည် လက်ရှိခြိမ်းခြောက်မှုနှင့် ရာဇသံများထက် ပိုမိုသင့်လျော်သော အနေအထားကို လက်ခံရရှိသည်ထိ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ယတိပြတ် ပြောကြားခဲ့သည်။ နိုဝင်ဘာ ၂၃ ရက် အစည်းအဝေးတွင် ရုရှားနိုင်ငံကို အကြမ်းဖက်နိုင်ငံအဖြစ် စွပ်စွဲပြောဆိုခဲ့သည့် ယူကရိန်းသမ္မတ ဇလာဒီမာ ဇီလန်စကီး၏ ဗီဒီယိုကြေညာချက်ကို ထည့်သွင်းဖော်ပြခဲ့သည်။

ဇလာဒီမာဇီလန်စကီးက ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဆောင်းရာသီကို လက်နက်အဖြစ် ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားအသုံးချကာ ယူကရိန်းကို အေးခဲစေရန်ပြု၍ လက်အောက်ခံနိုင်ငံအဖြစ် သွတ်သွင်းရန်ကြိုးပမ်းနေသည်ဟု အမေရိကန်သံအမတ်Linda Thomas-Greenfield က စကားအတိုင်း သံယောင်လိုက်ပြောဆိုခဲ့ခြင်းဖြစ်သည်။ ကီယက်ဗ်သည် ၎င်း၏လွတ်လပ်မှု၊ အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီကို ကာကွယ်ရန်တိုက်ပွဲဝင်နေစဉ် အမေရိကန်သည်ယူကရိန်းနှင့်အတူ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း Linda Thomas-Greenfield က ပြောကြားခဲ့သေးသည်။

ယူကရိန်းက Zaporozhye နျူကလီးယားဓာတ်အားပေးစက်ရုံကို ပစ်မှတ်ထားပြီး ရုရှားကိုအပြစ်တင်ရန် ကြိုးစားနေချိန်တွင် ကုလသမဂ္ဂက အခြားနည်းလမ်းကို ရှုမြင်တွေ့ရှိထားကြောင်း ရုရှားသံတမန်က ထောက်ပြပြောဆိုခဲ့သည်။ ဖေဖော်ဝါရီ ၂၈ ရက်ကတည်းက အဆိုပါစက်ရုံကို ရုရှားတပ်ဖွဲ့များ ထိန်းချုပ်ထားခဲ့သည်။ ဇွန်လက ယူကရိန်းတပ်ဖွဲ့ဝင်များသည် အဆိုပါစက်ရုံကို မောင်းသူမဲ့လေယာဉ်နှင့် အမြောက်များဖြင့် စတင်တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**Moscow explains its Ukraine objectives to UN ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနယ်စပ်အနီး ပိုလန်နယ်နိမိတ်အတွင်း Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များတပ်ဖြန့်ချထားရန် ဂျာမနီတောင်းဆို

ယူကရိန်းနယ်စပ်အနီး ပိုလန်နိုင်ငံ၏ နယ်နိမိတ်အတွင်း Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များ တပ်ဖြန့်ချထားရန် ဂျာမနီကာကွယ်ရေးဝန်ကြီးဌာန၏တောင်းဆိုချက်ကို လက်ခံခဲ့သည်ဟု နိုဝင်ဘာ ၂၁ ရက်က ပိုလန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

နိုဝင်ဘာ ၁၅ ရက်က ပိုလန်နိုင်ငံ၌ S-300 ဒုံးကျည်ပေါက်ကွဲခဲ့ပြီးနောက် အဆိုပါတောင်းဆိုချက်ကို ဂျာမနီက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ရုရှားစစ်ဘက်၏ ယူကရိန်းအထူးစစ်ဆင်ရေးကြောင့် အမေရိကန်နိုင်ငံသည် ယခုနှစ်မတ်လကတည်းက ပိုလန်တွင် Patriot ဒုံးကျည်ကာကွယ်ရေးတပ်ခွဲနှစ်ခွဲကို ပြန်လည်နေရာချထားပြီးဖြစ်ကြောင်း သိရသည်။

အဖြစ်အပျက်အပြီး နိုဝင်ဘာ ၁၅ ရက်တွင် ဂျာမနီတပ်ဖွဲ့များနှင့်အတူ တာဝန်ထမ်းဆောင်နေသော Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ပေးသွားရန် ပိုလန်နိုင်ငံကို ကမ်းလှမ်းခဲ့သည်။ ထို့ပြင် ဂျာမနီသည် ပိုလန်၏ လေပိုင်နက်ကိုကာကွယ်ရန် ဂျာမနီလေတပ်မှ Eurofighter တိုက်လေယာဉ်များ တပ်စွဲထားရန်လည်း ကမ်းလှမ်းထားသည်။

၂၀၁၈ ခုနှစ် မတ်လက ပိုလန်နိုင်ငံသည်အမေရိကန်ထုတ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅ ဘီလီယံစာချုပ်ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုနှစ် မေလတွင် နောက်ထပ် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ခွဲခြောက်ခွဲစာကို ထပ်မံဝယ်ယူသွားရန် တောင်းဆိုခဲ့သည်။ စစ်ဘက်သတင်းရင်းမြစ်များကိုကိုးကား၍ ပိုလန်အတွက် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ပထမဆုံးတပ်ခွဲတစ်ခွဲကို လာမည့်နှစ်တွင်ပေးပို့သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပိုလန်စစ်ဘက်၌ ပဲ့ထိန်းဒုံးကျည်များကဲ့သို့သော ဝေဟင်ခြိမ်းခြောက်မှုများကိုတန်ပြန်နိုင်သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ မရှိသေးပေ။ ၂၀၁၈ ခုနှစ် ဧပြီလက ပိုလန်နိုင်ငံသည် ပိုလန်လက်နက်ကိုင်တပ်ဖွဲ့များ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို ခေတ်မီစေရန်အတွက် WISLA အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

ပိုလန်သည် ၂၀၂၃ ခုနှစ်ထိ ၎င်း၏ ပထမဆုံး Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များကို လက်ခံနိုင်ဦးမည်မဟုတ်သောကြောင့် ဂျာမနီကို တောင်းဆိုခဲ့ခြင်းလည်းဖြစ်သည်။



ယခုနောက်ဆုံးထုတ် တားရှင်းတွင် အများဆုံးအကွာအဝေး ကီလိုမီတာ ၃၀ ထိ မြန်နှုန်းမြင့် လှုပ်ရှားစစ်ကစားမှုကောင်းသောပဲ့ထိန်းဒုံးကျည်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ပစ်မှတ်ခြေရာခံထိန်းကျောင်းရေးနှင့် ပစ်မှတ်ထားတိုက်ခိုက်နိုင်မှုစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်နိုင်ခဲ့သည်။ ၎င်းဒုံးကျည်တွင် ပါရာဘိုလာလမ်းကြောင်းအတိုင်း ပျံသန်းလေ့ရှိသည့် သာမန်ပဲ့ထိန်းဒုံးကျည်များထက် ကွဲပြားသောလမ်းကြောင်းဖြင့် ပစ်မှတ်ဆီသို့ ပျံသန်းတိုက်ပွဲဝင်ခြင်းလည်းဖြစ်သည်။

လက်ရှိ ဂျာမနီလက်နက်ကိုင်တပ်ဖွဲ့များတွင် MIM-104C/F Patriot PAC-2/PAC-3 စုစုပေါင်း အစုံ ၃၀ ရှိသည်။ Patriot PAC-3 ၏ ဒုံးကျည်အသစ်သည် အဆင့်မြင့် It-To-Kill နည်းပညာကို အသုံးပြုခြင်းဖြင့် နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များကို တိုက်ပွဲဝင်ရာတွင် ထိရောက်မှုပိုမိုမြင့်မားကောင်းမွန်လာသည်။ Patriot စနစ်၏ရေဒါသည် အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ ဝေဟင်ခြိမ်းခြောက်မှုများကို ထောက်လှမ်းနိုင်ပြီး PAC-2 နှင့် PAC-3 ဒုံးကျည်များသည် အကွာအဝေး ၁၅ ကီလိုမီတာမှ ကီလိုမီတာ ၂၀ အတွင်း ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်တန့်တားနိုင်စွမ်းရှိသည်။

**Germany to deploy Patriot air defense missile system in Poland near border with Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် မိုးစပါး ၂၀၄၁၂၂ ကေ ရိတ်သိမ်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်




**ငပုတော နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၂၀၄၁၂၂ ဧကကို နိုဝင်ဘာလ တတိယပတ်က စတင်ရိတ်သိမ်းလျက်ရှိပြီး စပါးအထွက်နှုန်းကောင်းမွန်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီက မိုးစပါးလျာထားချက် ၂၀၄၁၂၂ ဧကကို ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ကြကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါး ၂၀၄၁၂၂ ဧကကို နိုဝင်ဘာလတတိယပတ်က စတင်ရိတ်သိမ်းလျက်ရှိပြီး ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးတစ်ဧကလျှင် ပျမ်းမျှ ၈၁ တင်းထိသာထွက်ရှိခဲ့ပြီး ယခုနှစ်တွင် မိုးစပါးတစ်ဧက ပျမ်းမျှ ၉၃ တင်း ထွက်ရှိနေ၍ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

"မိုးစပါး စိုက်ပျိုးရာသီက မိုးစပါး ၂၀၄၁၂၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ သက်ကြီးစပါးတွေဖြစ်တဲ့ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေးစပါးအမျိုးအစားတွေကို အများဆုံး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ မိုးစပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေနဲ့ ရွှေခရုနဲ့ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကို မိုးစပါးတွေ မစိုက်ခင်နဲ့ စိုက်ပြီးချိန်တွေမှာပါ ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးရေးနည်းပညာတွေကိုလဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် လက်ရှိပြန်လည်ရိတ်သိမ်းတဲ့အခါ စပါးအထွက်နှုန်းတွေ ကောင်းနေတာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ် မိုးစပါးကို ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ ရွှေသွယ်ရင်၊ မနောသုခ စသည့် ဒေသနှင့်ကိုက်ညီသည့် စပါး အမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းခြံမြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြင်းခြံ နိုဝင်ဘာ ၂၅**

မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့ကြီးကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နှင်းယုလွင်နှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းအခြေအနေများ ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ လမ်းကော်မတီဝင်များနှင့် တာဝန်ရှိသူများကိုတွေ့ဆုံ၍ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။



မြို့ကြီးကုန်းကျေးရွာတွင် လမ်းအရှည် တစ်မိုင်ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် ချင်းမြေ ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အလျား ငါးပေ၊ အနံ ပေ ၂၀၊ အမြင့် နှစ်ပေ ကိုးလက်မရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းနှင့် ကွန်ကရစ် ရေကျော်တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၇၈၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းယုန်အားမာန် ကုမ္ပဏီက ဇွန်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# နမ့်ခမ်းမြို့နယ် ဖတ်မုန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**နမ့်ခမ်း နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လွယ်ချက်ကျေးရွာအုပ်စု ဖတ်မုန်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ဖတ်မုန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင် ကျေးရွာတွင်းလမ်းအရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက ပြောပြ၍ သိရသည်။

**ကျော်စိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၅-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၆၇၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးတို့ လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးတို့ မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ယနေ့နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူနေသူများကို ယနေ့နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ တပ်မတော်ဆေးရုံ၌ ဆေးကုသမှု ခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရွေးလုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး Mr. Yusuke Watanabe တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## နိုဝင်ဘာ ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၈၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၁၁၃၇ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၅၇၆ ဦး |


## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

ကြေညာချက်

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၃၀ ရက်ထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော နိုဝင်ဘာ ၃၀ ရက် ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးရှိစေမှုအပေါ် မူတည်ပြီး အချိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အပြုသဘောထောက်ပံ့မှုများ ဆက်လက်ပေးအပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို တွေ့ဆုံ



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက ကွန်ဟိန်းမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၉၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၀၆၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၅၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၃၀၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



**ကျောင်းကုန်းမြို့နယ်၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဥသျှောင်ရပ်ကွက်နေ ကောင်းဇာနည်(ခ)ကောင်းကောင်းသည် ၎င်းအသုံးပြုသည့် “Kaung Zarni” Facebook အကောင့်၊ အောင်ပင်လယ်ရပ်ကွက်နေ ဝေမာမြင့်သည် ၎င်းအသုံးပြုသည့် “Wai Mar Myint” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ကျော်နိုင်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူ ခင်ဆွေလှိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Kyaw Naing Oo” Facebook အကောင့်၊ “Khin Swe Hlaing” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင့်အား ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ၊ (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကျင်းပ



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွင့်အား ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) နှင့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) နှင့် အဆင့်မြင့်အရာရှိကြီးများက ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့သည်။

တွေ့ဆုံမှုတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေမှုများ တားဆီးနှိမ်နင်းရေး၊ နယ်မြေသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့က အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်သမားများအား ဘင်္ဂလားဒေ့ရှ်နယ်မြေတွင် လုံးဝအခြေပြုခိုအောင်းခွင့် ပြုမည်မဟုတ်ပါကြောင်း၊ တားဆီးနှိမ်နင်းရေးကို မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်းကင်းလှည့်ခြင်း၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်အောင် အပြန်အလှန် နားလည်ယုံကြည်မှုများ တည်ဆောက်ခြင်း စသည်တို့ကို ပိုမိုမြှင့်တင်နိုင်ရန်ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများပါဝင်သော ကိုယ်စားလှယ် ၁၁ ဦးသည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူ ဦးဆောင်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၅ ဦး၊ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ ၁၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ အစည်းအဝေးတွင် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ကုန်းမြေနှင့် မြစ်ကြောင်းအတွင်း ပူးတွဲကင်းလှည့်မှုများ ပိုမိုဆောင်ရွက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်မှုနှင့် အကြမ်းဖက်အုပ်စုများ တိုက်ဖျက်ရေး၊ ရာဇဝတ်ဂိုဏ်းများ၏ နယ်စပ်ဖြတ်ကျော် သွားလာမှုများ ကြိုတင်ကာကွယ်ခြင်း ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင် နယ်နိမိတ်ဖြတ်ကျော် ခိုးဝင်၊ ခိုးထွက်မှုများ ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရလဒ်များနှင့် ပတ်သက်၍ ကြိုတင်မြော်တွေးသုံးသပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးတို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အချက် ၁၄ ချက်ကို သဘောတူညီခဲ့ကြသည်။

ယနေ့နံနက် ၉ နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ (၈)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီး အဆင့်အစည်းအဝေးတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးသဘောတူညီခဲ့ကြသည့် Joint Record of Discussion-JRD ကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc)တို့က အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။ ထို့နောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ အစည်းအဝေးကျင်းပမှုနှင့် ဆွေးနွေးသဘောတူညီမှု ရလဒ်များနှင့် ပတ်သက်၍ မီဒီယာများကို ရှင်းလင်းပြောကြား၍ သတင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်၏ဧည့်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံသည်။ တွေ့ဆုံမှုတွင် နှစ်နိုင်ငံနယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုနှင့် အကြမ်းဖက်အုပ်စုများ တိုက်ဖျက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပိုမိုထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ အိမ်နီးချင်းနှစ်နိုင်ငံ၏ နယ်ခြားစောင့်တပ်ဖွဲ့များသည် ညီရင်းအစ်ကို စိတ်ဓာတ်၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်မှုများ ဆောင်ရွက်ရန်၊ တပ်ရင်းမှူးအဆင့်၊ ဒေသကွပ်ကဲမှုအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတို့ကို နှစ်ဖက်သဘောတူညီထားသည့်အတိုင်း လစဉ်၊ နှစ်စဉ် ကျင်းပရန်၊ ဘင်္ဂလားဒေ့ရှ်ပိုင်နက်နယ်မြေကိုအသုံးချ၍ အခြားနိုင်ငံအပေါ် ဆန့်ကျင်မည့် မည်သည့်အုပ်စုကိုမဆို ခွင့်ပြုသွားမည်မဟုတ်ဘဲ ရှာဖွေစုံစမ်းပိတ်ဆို့တားဆီးနှိမ်နင်းရန်၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများကို ကြိုတင်တားဆီးကာကွယ်သွားရန်၊ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုသည် မူးယစ်ဆေးဝါးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ခိုးဝင်မှုများ ဖြစ်ပေါ်စေသဖြင့် တားဆီးနှိမ်နင်းရေး ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များကြား အောက်ခြေအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်အရာရှိကြီးအဆင့် ဆက်သွယ်မှုများ ပိုမိုလျင်မြန်စွာဆောင်ရွက်ကြရန်၊ ယုံကြည်မှုတည်ဆောက်ခြင်း တိုးမြှင့်နိုင်ရေးအတွက် အပြန်အလှန်လည်ပတ်ခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်းနှင့် တွေ့ဆုံဆွေးနွေးမှုများ အခါအားလျော်စွာ ကျင်းပပြုလုပ်သွားရန်တို့ကို သဘောတူညီခဲ့ကြသည်။ အဆိုပါ ဆွေးနွေးသဘောတူညီမှုများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။




(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး ကျင်းပစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာ့စာတိုက်လုပ်ငန်း ရုံးချုပ်နှင့် နေပြည်တော်စာတိုက်ကြီး ဝန်ထမ်းများနှင့်အတူ မိသားစုမိတ်ဆုံနေ့လယ်စာ သုံးဆောင်




**နေပြည်တော် နိုဝင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်နေကြသည့် မြန်မာ့စာတိုက်လုပ်ငန်းရုံးချုပ်နှင့် နေပြည်တော်စာတိုက်ကြီးရှိ အရာထမ်း၊ အမှုထမ်းများကို အသိအမှတ်ပြုသောအားဖြင့် မိသားစုမိတ်ဆုံနေ့လယ်စာစားပွဲကို ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာန အားကစားပြိုင်ပွဲများ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော မြန်မာ့စာတိုက်လုပ်ငန်းဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ့စာတိုက်လုပ်ငန်းဝန်ထမ်းများ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အားကစားပြိုင်ပွဲများတွင် အားပေးခဲ့ကြသည့် အလေ့အထကို ထိန်းသိမ်းသွားစေလိုကြောင်း၊ နိုင်ငံတော်က စိုက်ထုတ်ပေးနေရသည့် အရှုံးများ လျော့နည်းအောင်၊ ဝင်ငွေတိုးတက်ရရှိရေး နည်းလမ်းများလည်း ရှာဖွေပြီး ထပ်ဆောင်းဝန်ဆောင်မှု (value added service) များဖြင့် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးနေကြပြီး လုပ်ငန်းများအရှိန်အဟုန်မပျက် ရပ်တန့်မှုမရှိစေရေး ဆောင်ရွက်ပေးနေကြသော တစ်နိုင်ငံလုံးရှိ မြန်မာ့စာတိုက်ဝန်ထမ်းများကို အသိအမှတ်ပြု မှတ်တမ်းတင်ပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ "VISION" ဖြစ်သည့် "Myanmar Post for Everyone" "လူတိုင်းအတွက် မြန်မာ့စာတိုက်လုပ်ငန်း" ဖြစ်စေရေး ပြည်သူလူထုအတွက် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဝန်ထမ်းများ အားလုံးအတူတကွ ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း မိသားစုမိတ်ဆုံနေ့လယ်စာကို သုံးဆောင်ခဲ့ကြပြီး ရင်းနှီးပွင့်လင်းစွာ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နမ့်ဆန်မြို့နယ် ကွမ်ဟယ်ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နမ့်ဆန် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ကွမ်ဟယ်ကျေးရွာတွင် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် ကွမ်ဟယ်ကျေးရွာအုပ်စု ကွမ်ဟယ်ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျ ထိန်းသိမ်းသွားရန် ကျေးရွာကော်မတီမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

နမ့်ဆန်မြို့နယ် ကွမ်ဟယ်ကျေးရွာတွင် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းသည် အရှည်ပေ ၁၁၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ်ခြောက်သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ယခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို တိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ပြီး မင်းနန်းသူရွာရှိ လေးထောင့်ကန်ကို ကြည့်ရှုစစ်ဆေး



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို မင်းနန်းသူရွာရှိ လေးထောင့်ကန်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်(ပုဂံဌာနခွဲ)ရှိ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဆောင်ရွက်ပေးကာ ပုဂံဌာနခွဲမှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယွန်းပညာကောလိပ်(ပုဂံ)တွင် ပြုလုပ်သည့် တက်မရေနံမြေနှင့် ငါ့ရှန်တောင်ရေနံမြေတို့မှ လုပ်ငန်းရှင်များ၊ ညောင်ဦးမြို့နယ်အတွင်း ဂေါပကအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး လူမှုရေးအသင်း ၁၃ ဖွဲ့အတွက် ချီးမြှင့်ငွေကျပ် ၃၉ သိန်းကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ညနေပိုင်းတွင် ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်းက ဆေးရုံအတွင်း ဆေးကုသဆောင်နှင့် ဆေးကုသဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသပြီး ဆေးကုသမှုခံယူနေသည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံအစည်းအဝေးခန်းမတွင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းနန်းသူရွာမြောက်ဘက်ရှိ လေးထောင့်ကန်သို့ရောက်ရှိပြီး တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်နှင့် ပုဂံဌာနခွဲညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းတို့က ကန်၏နောက်ခံသမိုင်းကြောင်း အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးရွာပြည်သူများ သောက်သုံးရေပေးဝေနိုင်ရန်အတွက် ကန်အတွင်း ရေဝင်ရောက်နိုင်အောင်ဆောင်ရွက်ရန်နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်မှုဖြင့် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီအဖွင့်ကောင်းမွန်မည်ဟု မျှော်မှန်းထား



ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၂၂ ခုနှစ်တွင် အခါကြီးရက်ကြီး ရုံးပိတ်ရက်တို့၌ ပြည်တွင်းခရီးသွားများ ပြန်လည်စည်ကားမှုဖြင့် ခရီးသွားလုပ်ငန်းများပြန်လည်စတင်နိုင်ခဲ့ပြီး ပြည်ပခရီးသွားလုပ်ငန်းအချို့လည်း ပြည်လည်အစပျိုးနိုင်ခဲ့ရာ ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီအဖွင့်သည် ကောင်းမွန်နေမည်ဟုမျှော်မှန်းထားကြောင်း သိရသည်။

အရှိန်ရစပြုနေသော ခရီးသွားလုပ်ငန်းကို နှစ်ကူးကာလမှစ၍ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာခရီးသွားဝင်ရောက်ရာဒေသတို့ရှိ ခရီးသွားကုမ္ပဏီများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ပြီး နှစ်သစ်ကူးကာလမှစ၍ သင်္ကြန်ကာလထိ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်တတ်မှုကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့ရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ မျှော်မှန်းလျက်ရှိသည်။ ပွင့်လင်းရာသီအစ နိုဝင်ဘာလတွင် နိုင်ငံခြားခရီးသွားအချို့ ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သော ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ပြင်ဦးလွင်၊ မြိတ်ကျွန်းစုများနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသို့ ခရီးသွားများ လည်ပတ်လျက်ရှိကာ ယခင်ကကဲ့သို့ ရက်ရှည်ခရီးသွားလာမှုထက် ရက်တိုခရီးသွားမှုပိုမိုတွင်ကျယ်လာလျက်ရှိသည်။

မြန်မာ့ခရီးသွားကဏ္ဍနည်းတူ ဥရောပနှင့် အာရှနိုင်ငံများတွင်လည်း နှစ်သစ်ကူးချိန်နှင့် နှစ်ဆန်းပိုင်း ခရီးသွားရာသီကိုမျှော်မှန်း၍ ခရီးသွားလုပ်ငန်းများကို အပြိုင်အဆိုင်ဆွဲဆောင်လျက်ရှိပြီး ပုံမှန်အားဖြင့် အနောက်တိုင်းခရီးသွားဝန်ဆောင်မှု ဈေးကွက်သည် ဒီဇင်ဘာခရစ္စမတ်ကာလ၌ ပြည်ပခရီးသွားကဏ္ဍကျဆင်းတတ်ပြီး ပြည်တွင်းခရီးသွားကဏ္ဍများပြားလေ့ရှိကာ ပြည်တွင်းလေကြောင်းလိုင်းဝန်ဆောင်မှု ဈေးနှုန်းများမြင့်တက်လေ့ရှိပြီး နှစ်သစ်ကူးပြီးဆုံးချိန်၌ ခရီးသွားလာမှု ပြန်လည်စည်ကားလေ့ရှိသဖြင့် ပြည်ပခရီးသွားများ တဖွဲဖွဲပြန်လည်ဝင်ရောက်နိုင်ရန် ခရီးသွားဝန်ဆောင်မှုတွင် အပြိုင်အဆိုင်ဆွဲဆောင်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒီဇင်ဘာလ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ စည်ကားလေ့ရှိပြီး ဘုရားဖူးခရီးစဉ်၊ အလည်အပတ်ခရီးစဉ်နှင့် အပန်းဖြေခရီးစဉ်တို့ဖြင့် ခရီးသွားများ လေ့ရှိရာ တစ်ဆက်တည်း ဖေဖော်ဝါရီလ သင်္ကြန်ကာလထိ လည်ပတ်ကြလေ့ရှိသည်။ ၂၀၂၂ ခုနှစ်တွင် အောက်တိုဘာလနှင့် နိုဝင်ဘာလသည် ရုံးပိတ်ရက်ရှည်တို့ဖြင့် ခရီးသွားလာမှုအများဆုံးလများအဖြစ် ပြည်တွင်းခရီးသွားကဏ္ဍတိုးတက်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်းထိ အရှိန်ရလာသော ပြည်တွင်းပြည်ပခရီးသွားမှုသည် ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ခဲ့မှု၏ အကျိုးဆက်အဖြစ် ၂၀၂၃ ခုနှစ်၏ ခရီးသွားရာသီအဖွင့်ကောင်းမွန်မည်ဟု မျှော်မှန်းထားကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တရားမဝင်သစ်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ မိုဘိုင်းဖုန်းအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် မိုဘိုင်းဖုန်းအပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၆၆၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ လှည့်ကင်းတာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုး-မူဆယ်လမ်းမကြီးဘေး ပန်စုံကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားမဝင်နံ့သာနီသစ် ၁ ဒသမ ၀၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၄၀၀၀၀နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအနီး၌ တရားမဝင်သင်္ဂုဟ်ခဲ့သား သုည ဒသမ ၉၀၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၁၅၄၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၁၇၁ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့သုံးဘီးဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ထို့အတူ ယနေ့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၇၈၄၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၂၅၂ ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၃ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု အမှုတွဲ ကိုးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၆၀၇၄၂၃ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့သယ်ဆောင်မည့် ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)တစ်တန် ဖမ်းဆီးရမိ



နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့သယ်ဆောင်မည့် ငွေကျပ်ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)တစ်တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် ည ၁၀နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် အိုက်စ် (မက်သ်အဖက်တမင်း)များကို ပင်လယ်ပြင်သို့သယ်ဆောင်မည့်အဖွဲ့ရောက်ရှိနေကြောင်း သတင်းအရ အတည်ပြုရှာဖွေဖော်ထုတ်ခဲ့ရာ မြိတ်မြို့နယ် လယ်ကယ်ကျေးရွာအနီးတွင် အိုငယ်(ခ)ခင်ကျော်နိုင်ကို FUSO ခြောက်ဘီးမော်တော်ယာဉ်တစ်စီး၊ Toyota Celsior မော်တော်ယာဉ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ FUSO ခြောက်ဘီးယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)တစ်တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဘောမ်ထန်(ခ)ဘောမ်ဆောင်၊ ရှုရွယ်(ခ)အလာနှင့် ဘောမ်ဇုန်းတို့ သုံးဦးကို နိုဝင်ဘာ ၁၀ ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁) ဇေတံတား၌လည်းကောင်း၊ ဇော်တွယ်နှင့် လွမ်းဟူတို့နှစ်ဦးကို မြိတ်မြို့ ကလွင်ကျေးရွာ၌ CALDINA မော်တော်ယာဉ် တစ်စီး၊ NISSAN AD VAN မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်၌ သန့်ဇင်နှင့် ဇနီးဖြစ်သူ မအေးမြတ်စန္ဒာထွန်းတို့ကို ရေဖြူမြို့နယ် မလွဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ NISSAN မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ စောအောင်နှင့် သီဟတို့ကို ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ တည်းခိုခန်း၌လည်းကောင်း၊ သန့်ဇင်ဦးကို တွံတေးမြို့နယ် ခလောက်ခလူကျေးရွာရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ မြင့်ဇော်ဦးအား ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈)ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ အိုက်စ်(မက်သ်အဖက်တမင်း)များ တာဝန်ခံသယ်ဆောင်သူ ဇော်ကို(ခ)အားချင်းအား နိုဝင်ဘာ ၁၅ ရက်တွင် လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် အက်ဒမန်ပင်လယ်ပြင်ရေကြောင်းအသုံးပြု၍ ပြည်ပသို့ ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၁၃ ဦးကို ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ထိုင်းနှင့် ပြင်သစ် ဆက်ဆံရေးအလားအလာ

ဝင်းဇင်(သုတေသန)



အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC) ခေါင်းဆောင်များအစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။ အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှ ခေါင်းဆောင်များသည် အခြားသောအရေးကြီးကိစ္စများကြောင့်၎င်းအစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိသဖြင့် အိမ်ရှင်နိုင်ငံအတွက် စိတ်ပျက်ဖွယ်ရာဖြစ်ခဲ့သည်။ ၎င်းအစည်းအဝေးသို့ APEC အဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံများမှ ခေါင်းဆောင်များကိုလည်း အထူးဧည့်သည်တော်များအဖြစ် ဖိတ်ကြားထားခဲ့သည်။

လက်ရှိ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်သည် အထူးဧည့်သည်တော်အဖြစ် တက်ရောက်သွားမည်ဖြစ်ကြောင်း ချက်ချင်းအကြောင်းပြန်ကြားခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါတွေ့ရှိခဲ့သဖြင့် APEC အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိပေ။ ထိုင်းနှင့်ဆော်ဒီအာရေဗျတို့အကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသဖြင့် ၎င်းအစည်းအဝေးသို့ ဆော်ဒီအိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆော်လ်မန်၏တက်ရောက်မှုသည် ထူးဆန်းသော ကိစ္စတော့မဟုတ်ပေ။ သို့သော် ပြင်သစ်သမ္မတ အင်မြူရယ်မက်ခရွန်သည် APEC အစည်းအဝေးသို့ မမျှော်လင့်ဘဲ တက်ရောက်လာခဲ့သည်။ မက်ခရွန်သည် ပြင်သစ်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၇ ခုနှစ်မှစ၍ ထိုင်းနိုင်ငံသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသဖြင့် နှစ်နိုင်ငံအကြားဆက်ဆံရေးသည် အကန့်အသတ်ဖြင့်သာ တိုးတက်မှုရှိခဲ့သည်။

ထိုင်းနှင့် ပြင်သစ်တို့သည် နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ထားသည်မှာ ကာလကြာရှည်နေပြီဖြစ်သော်လည်း အဖုအထစ်များစွာရှိခဲ့သည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုအရ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် ပြင်သစ်၏မိတ်ဆွေဟောင်းနိုင်ငံဖြစ်ကြောင်း၊ ပြင်သစ်သံတမန်များသည် ၁၆၆၂ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပထမဆုံးရောက်ရှိခဲ့ကြောင်း၊ ထိုင်းသံတမန်အဖွဲ့သည် ၁၆၈၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ရောက်ရှိခဲ့ကြောင်း၊ သို့သော် ပြင်သစ်နိုင်ငံသည် ထိုင်းနိုင်ငံတွင် ဘုရင်စနစ်ပြောင်းလဲရန်ကြိုးပမ်းခဲ့သောကြောင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့ကြောင်း၊ ထို့နောက် ၁၆၈၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ အာဏာသိမ်းမှုဖြစ်ပွားခဲ့ရာမှ ပြင်သစ်၏နိုင်ငံရေးဆိုင်ရာလွှမ်းမိုးမှု ကျဆင်းလာခဲ့ကြောင်း သိရှိရပါသည်။

၁၉ ရာစုကာလတွင် ပြင်သစ်နိုင်ငံသည် ထိုင်းနိုင်ငံသို့ တစ်ကျော့ပြန်လည်ရောက်ရှိ လွှမ်းမိုးလာခဲ့ပြန်သည်။ ၁၈၈၆ ခုနှစ်မှ ၁၈၉၆ ခုနှစ်ကာလအတွင်း ထိုင်းနိုင်ငံသည် ဗြိတိသျှနှင့်ပြင်သစ်တို့၏ နယ်ချဲ့လွှမ်းမိုးမှုများကို တွန်းလှန်တိုက်ထုတ်ခဲ့ရသည်။ ထိုင်းနိုင်ငံသည် မည်သည့်နိုင်ငံ၏လက်အောက်မျှ လုံးလုံးလျားလျား မကျရောက်ဖူးခဲ့သော်လည်း ၁၉၀၉ ခုနှစ်တွင် ပြင်သစ်နှင့် ဗြိတိန်ထံသို့ ၎င်း၏ပိုင်နက်နယ်မြေထက်ဝက်ကျော် ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် ၁၉၄၀ ပြည့်လွန်နှစ်များတွင် အင်ဒိုချိုင်းနားကျွန်းဆွယ်၌ ပြင်သစ်၏ထိန်းချုပ်မှုအောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆိုရလျှင် လက်ရှိအချိန်ထိ ထိုင်းနှင့်ပြင်သစ်တို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုနယ်ပယ်တို့တွင် ကန့်သတ်ချက်များစွာရှိနေဆဲပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြင်သစ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ၂၅ ဦးမြောက်ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပြင်သစ်ကုမ္ပဏီ ၂၈၀၊ အထူးသဖြင့် ဝန်ဆောင်မှုနှင့်ဆက်နွယ်သောစီးပွားရေးလုပ်ငန်းများသည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ငန်းလည်ပတ်လျက်ရှိသည်။ အလားတူ ထိုင်းနိုင်ငံသည် ပြင်သစ်နိုင်ငံ၌ အစားအသောက်နှင့် ပလတ်စတစ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်လျက်ရှိသည့် အရှေ့တောင်အာရှ၏ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများအပြင် ပညာရေးနှင့်သိပ္ပံဆိုင်ရာနယ်ပယ်တို့တွင် သုတေသနပြုလုပ်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထိုင်းနှင့်ပြင်သစ်တို့အကြား ပြည်သူအချင်းချင်း အပြန်အလှန်ဖလှယ်မှုတို့ကိုလည်း လုပ်ဆောင်လျက်ရှိသည်။

ထိုင်းနိုင်ငံအနေဖြင့် ပြင်သစ်နိုင်ငံနှင့်နီးကပ်သောဆက်ဆံရေးကို ရှတ်တရက်ထူထောင်ခဲ့မှုနှင့် ၂၀၂၃ ခုနှစ်တွင် APEC အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် APEC ခေါင်းဆောင်များအစည်းအဝေးသို့ တက်ရောက်မှုမရှိသည့်အချိန်တွင် ၎င်းအစည်းအဝေးသို့ မက်ခရွန် တက်ရောက်ခဲ့သည့် နောက်ကွယ်က အကြောင်းတရားများနှင့်စပ်လျဉ်း၍ မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

မဟာဗျူဟာမြောက်အရေးများနှင့် စပ်လျဉ်း၍ ထိုင်းနှင့်ပြင်သစ်တို့အကြား ဘုံသဘောတူညီချက်များ ရှိလာခြင်းသည် ဆိုခဲ့ပါမေးခွန်းများ၏ အဖြေတစ်ရပ်ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ အင်ဒို-ပစိဖိတ်တွင် အရေးပါသော အစိတ်အပိုင်းမှပါဝင်လျက်ရှိပြီး တရုတ်နိုင်ငံအတွက်မူ အတိမ်းအစောင်းမခံသော ရပ်တည်ချက်ပင်ဖြစ်သည်။ သို့သော် ပြင်သစ်သည် ဝါရှင်တန်၏နောက်တွင် ပြတ်ပြတ်သားသား ရပ်တည်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ ပြင်သစ်၏ အင်ဒို-ပစိဖိတ်မျှော်မှန်းချက်သည် အခြေခံအားဖြင့် အားလုံးပါဝင်ရန်ပင်ဖြစ်သည်။ ဆိုရလျှင် သြစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်တို့အကြား AUKUS မိတ်ဖက်ဆက်ဆံရေးသည် ပြင်သစ်နှင့် သြစတြေးလျတို့အကြား ရေငုပ်သင်္ဘောရောင်းချရေးစာချုပ် ဖျက်သိမ်းမှုဖြစ်ပေါ်စေခဲ့သဖြင့် ပြင်သစ်တာဝန်ရှိသူများက သစ္စာဖောက်ခံရသည်ဟုခံစားလာရပြီး အရှေ့တောင်အာရှဒေသရှိ ကြားနေနိုင်ငံများနှင့် နီးကပ်သောထိတွေ့ဆက်ဆံမှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။

ထို့ပြင် ထိုင်းနှင့်ပြင်သစ်တို့သည် အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် လက်တွေ့ကျကျဆောင်ရွက်လျက်ရှိသည်။ သာဓကအနေဖြင့် ထိုင်းနိုင်ငံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်နေသော မြန်မာနိုင်ငံနှင့်ဆက်ဆံရာတွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံသည် ပဋိပက္ခဖြစ်ပွားနေသော ရုရှားနိုင်ငံနှင့် ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း မိတ်ဝတ်မပျက် သံတမန်ဆက်ဆံရေးကို ဆက်လက်ထူထောင်ထားလျက်ရှိသည်။




စစ်နယ်ဝန်းတွင် ထိုင်းနှင့်ပြင်သစ် နှစ်နိုင်ငံစလုံးသည် အမေရိကန်နှင့်တရုတ်တို့၏ ရလဒ်မဲ့သော ပြိုင်ပွဲမှ ခပ်ကင်းကင်း နေထိုင်သွားလိုပြီး အိန္ဒိယလို တတိယနိုင်ငံများနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သွားရန် ကြိုးပမ်းလျက်ရှိကြသည်။

ထိုင်းနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးသည် ဗန်ကောက်ပို့စ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ် ၎င်းသည် ပြင်သစ်နိုင်ငံ၏ အင်ဒို-ပစိဖိတ်ဆိုင်ရာအသေးစိတ်စီမံချက် မူကြမ်းရေးဆွဲသူဖြစ်ကြောင်း၊ ထိုင်းနိုင်ငံကိုလည်း ဒေသတွင်းရှိ ပြင်သစ်၏ မိတ်ဖက်နိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ် ယုံကြည်ထားသောကြောင့် အင်ဒို-ပစိဖိတ် မဟာဗျူဟာအကောင်အထည်ဖော်ရေးအတွက် ထိုင်းနိုင်ငံကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် ပင်လယ်ရေကြောင်းဆိုင်ရာနိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ပင်လယ်ရပ်ခြားရှိ ပြင်သစ်၏အကျိုးစီးပွားများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ ထိုင်းနှင့် ပြင်သစ်ဆက်ဆံရေးကို မဟာဗျူဟာအဆင့်ထိ မြှင့်တင်သွားရန် အခိုင်အမာဆုံးဖြတ်ထားကြောင်းနှင့် နိုင်ငံပေါင်းစုံပါဝင်သော အာရှတည်ဆောက်နိုင်ရေးအာဆီယံ၏ကြိုးပမ်းမှုများတွင်လည်း ပြင်သစ်နိုင်ငံက ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသွားခဲ့သည်။

စင်စစ်အားဖြင့် ပြင်သစ်နိုင်ငံသည် အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စု၏ အခင်းအကျင်း

ထို့ကြောင့် ထိုင်းနှင့်ပြင်သစ်တို့အကြား ထိတွေ့ဆက်ဆံမှုများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များထက် ကျော်လွန်တိုးတက်လာခြင်းသည် ပထဝီနိုင်ငံရေးအခင်းအကျင်းအရွေ့ကို ထင်ဟပ်ပေါ်လွင်လာစေလျက်ရှိသည်။ ထိုင်းနှင့်ပြင်သစ်တို့အကြား မဟာဗျူဟာမြောက်ဆက်ဆံရေး မည်သည့်အတိုင်းအတာအထိ တိုးတက်လာမည်နှင့် အတိတ်က စိတ်ဒဏ်ရာသည် ထိုင်းနိုင်ငံ၏ တွက်ချက်မှုတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေမည်ကို ဆက်လက်စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

ဆိုရလျှင် ကမ္ဘာ့နိုင်ငံများသည် အချင်းချင်းထိတွေ့ဆက်ဆံရာတွင် အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူဟူ၍ မရှိဘဲ အမြဲတမ်းအကျိုးစီးပွားသာရှိနေသည့်အတွက် ပြင်သစ်နိုင်ငံအနေဖြင့်လည်း အင်ဒို-ပစိဖိတ် မဟာဗျူဟာအကောင်အထည်ဖော်ရာတွင် အမေရိကန်နှင့်တရုတ်တို့၏ရလဒ်မဲ့သောပြိုင်ပွဲမှ ခပ်ကင်းကင်းနေကာ ထိုင်းနိုင်ငံနှင့်လက်တွေ့ကျသော ဆက်ဆံရေးထူထောင်လာခြင်းဖြစ်သည်။ အလားတူ ထိုင်းနိုင်ငံအနေဖြင့်လည်း အတိတ်ကခံစားချက်များကိုဖက်တွယ်မထားဘဲ ပြင်သစ်နိုင်ငံနှင့်ဆက်ဆံရေးထူထောင်သွားမည်ဆိုလျှင် နှစ်နိုင်ငံအကျိုးစီးပွားကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

❖ ဆိုရလျှင် လက်ရှိအချိန်ထိ ထိုင်းနှင့်ပြင်သစ်တို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် ကန့်သတ်ချက်များစွာရှိနေဆဲပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြင်သစ်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ၂၅ ဦးမြောက်ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပြင်သစ်ကုမ္ပဏီ ၂၈၀၊ အထူးသဖြင့် ဝန်ဆောင်မှုနှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းများသည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ငန်းလည်ပတ်လျက်ရှိသည်။ အလားတူ ထိုင်းနိုင်ငံသည် ပြင်သစ်နိုင်ငံ၌ အစားအသောက်နှင့် ပလတ်စတစ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်လျက်ရှိသည့် အရှေ့တောင်အာရှ၏ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ❖

**ကိုးကား**

A New Era of Thailand-France Relations? by The Diplomat.

# အချစ်ဆိုသည်မှာ

စိုင်စိုင်



(၁)

"ကျွန်မ ကြိုတင်တောင်းဆိုချင်ပါတယ်"

"ပြောလေ ချစ်လေး။ ကိုကို ဘယ်လိုအရာဖြစ်ဖြစ် ချစ်လေးသဘောကျလုပ်ပေးမယ်။ မင်္ဂလာပွဲအတွက် ကော ဘာတွေထပ်ဖြည့်ချင်လဲ။ အပြင်အဆင်ပိုင်းကော လိုက်ကြည့်ပါအုံး ချစ်လေးရယ်"

"ဘာမှမဖြည့်ချင်ပါဘူး။ အသင့်အတင့်ဆိုပြီးရော ပေါ့။ ကျွန်မလိုက်မကြည့်တော့ပါဘူး။ မနက်စောစော မင်္ဂလာပွဲရောက်ရင် မြင်ရမှာပဲလေ။ ကြိုတောင်းဆိုချင်တာက ကျွန်မတို့က မိဘတွေနဲ့အိမ်ခွဲနေကြမှာ မဟုတ်ဘူး။ ချစ်လေး ချစ်လေးဆိုပြီး မိဘတွေကြား အောင်မခေါ်စေချင်ဘူး။ မိဘတွေကို လေးစားသမှုနဲ့ တည်တည်ကြည်ကြည်နေထိုင်ပေးဖို့ တောင်းဆိုတာပါ"

ကျွန်တော့်မျက်နှာကို ရေခွေးပူနဲ့ပက်လိုက်သလိုပါပဲ။ မျက်နှာပူထူသွားသလို ရင်ထဲကအပျော်လှိုင်းက ရုတ်တရက် ရပ်တန့်သွားသလိုလို။ ရတယ်လေ သူပြောသလို တည်ကြည်ရမယ်။ သိပ်ကိုယုယချင်တဲ့ ကျွန်တော့်စိတ်ကိုထိန်းရမယ်။ ဒီအမျိုးသမီးလေးကို လက်ထပ်ချင်လွန်းလို့ ခြောက်နှစ်တိတိကြိုးစားခဲ့ရတဲ့ ကျွန်တော့်အောင်မြင်မှုကို ကျေနပ်တယ်။ သူ့ကို ကျွန်တော်ပိုင်ဆိုင်ရတော့မယ်။ တကယ်ကို နူးညံ့ အေးစက်တဲ့မိန်းကလေး။ နှုတ်ခမ်းက အမြဲပြုံးနေပေမဲ့ မျက်ဝန်းကတော့ အေးစက်လွန်းတယ်။

(၂)

"ကျွန်မ တောင်းပန်ပါတယ်ရှင်။ အမှန်တိုင်းပြောတာပါ။ ကျွန်မ ကိုဦးကို ချစ်တဲ့စိတ် ဘယ်လိုမှဖြစ်မလာလို့ပါ။ ဒေါ်ဒေါ်တို့က ကျွန်မအမေဆီမှာ လာပြီး နားဖောက်နေတာကို ရပ်တန့်ပေးပါနော်။ ကျွန်မ ငယ်လွန်းပါသေးတယ်။ အိမ်ထောင်မပြုချင်သေးလို့ပါ"

ကျွန်တော့် မေမေနဲ့ အစ်မကို သူလာပြောတဲ့ စကားတွေ။ သူ ကျွန်တော့်ကို ချစ်လို့မရပါလို့ အကြိမ်ကြိမ်ပြောနေကျ။ ကျွန်တော်နဲ့ အသက်ခုနစ်နှစ်ကွာတဲ့ သူကငယ်ရွယ်နုပျိုလွန်းပါသေးတယ်။ သူ့ကို ကျွန်တော်စိတ်မချဘူး။ ကိစ္စမရှိဘူးလေ။ မိန်းကလေးတွေက လက်ထပ်ပြီးသွားရင် ခင်ပွန်းကို အလိုလိုချစ်လာမှာက သဘာဝပဲ။ ကျွန်တော့် မေမေနဲ့ အစ်မက လဲ သူ့စကားကို အလေးမထားပါဘူး။ ကျွန်တော့် ဆန္ဒကသာ အဓိက။ ကျွန်တော့်ဘက်က အားသာချက်က သူ့အမေနဲ့ သူ့မောင်နှမတွေက ကျွန်တော့်နဲ့ သဘောတူကြတယ်။ ကျွန်တော် သူ့ကိုစမြင်ကတည်းက အရူးအမူးကိုချစ်ခဲ့တယ်။ သူတို့ရပ်ကွက်ထဲ ကျွန်တော်တို့မိသားစုပြောင်းလာတဲ့နေ့က အိမ်နောက်က ရေဘုံပိုင်မှာ သူရေလာခပ်တာတွေ့ရတယ်။ အသားဖြူဖြူ ဆံပင်ကုပ်ဝဲ ပိန်ပိန်ရှည်ရှည်နဲ့ စကတ်ဒူးဖုံး၊ ရေနှစ်ပုံးကို ရေထမ်း ထမ်းပိုးနဲ့ ဟန်ချက်ညီညီထမ်းချသွားတဲ့ သူ့ပုံရိပ်လေးက ကျွန်တော့်မျက်ဝန်းကနေ ရင်ဘတ်ထဲစီးဝင်သွားခဲ့တာ။ ဘယ်မိန်းကလေးကိုမှ ရင်မခုန်ဘူးတဲ့ကျွန်တော် သူမှသူဖြစ်သွားတယ်။ အရာဝတ္ထုပစ္စည်းတွေကိုလဲ သိပ်မမက်မောတတ်သလို မိန်းကလေးဆိုလဲ စိတ်မဝင်စားတဲ့ကျွန်တော် သူ့ကိုမက်မက်မောမော လိုချင်မိတယ်။

ကျွန်တော်က သိပ်ချစ်သလောက် သူက ကျွန်တော့်ကို မချစ်နိုင်ပါဘူးလို့ ပြန်ဖြေတယ်။ ကန်ထရိုက်လုပ်ငန်းလုပ်နေတဲ့ကျွန်တော် အကျိုးအမြတ်ရဖို့ ရင်းနှီးမြှုပ်နှံရမယ်ဆိုတာ နားလည်တယ်။ သူ့မိသားစုက ကျွန်တော့်ကို အထင်ကြီးအားကိုးစေဖို့ အများကြီး ကျွန်တော်ရင်းနှီးလိုက်ပြီ။ သိပ်လိမ္မာတဲ့ သူက သူ့မိခင်အလိုကျ ကျွန်တော့်ကို လက်ထပ်ရပြီ။ သူ့နှလုံးသားမှာ တစ်ဦးတစ်ယောက်ရှိနေမှန်း ကျွန်တော်သိသိနဲ့ ကိုယ့်နှလုံးသားရဲ့လိုအပ်ချက်ကို အသာစီးဆောင်ရွက်နိုင်လိုက်ပြီ။

(၃)

"မောင်မြတ်ဦးသာနှင့် မအေးသူချစ်တို့၏ မင်္ဂလာဧည့်ခံပွဲ"

ရွှေရောင်ဖောင်းကြွစာလုံးတွေကိုကြည့်ပြီး ကြည်နူးနေတဲ့ သတို့သားလောင်း ကျွန်တော်။ မြင်ဆင်ထားတဲ့ မင်္ဂလာခန်းမကလဲ တင့်တယ်လှပလို့။

"ကိုဦး မင်း အေးသူက မင်္ဂလာအပြင်အဆင်လဲ လာမကြည့်ပါလား။ အေးစက်စက်နဲ့ဟယ်။ သူ့အတွက် ဝတ်စုံလဲစိတ်မဝင်စားဘူး။ မမကြီးအဆင်ပြေတာဝယ်ပါတဲ့။ သူ့စိတ်ကြိုက်ရွေးခိုင်းတာလဲမရွေး။ အလှပြင်ဖို့လဲ ငါပဲရွေးငှားပေးရတယ်။ မင်း သူနဲ့ယူပြီးရင် စိတ်ညစ်နေရမလား ငါ့မောင်လေးရယ်"

"ဟာဗျာ ဘာလို့စိတ်ညစ်ရမှာလဲ မမကြီးရဲ့။ ကျွန်တော် သူ့ကိုအစွမ်းကုန်အလိုလိုက်မှာ။ သူ့စိတ်ပျော်အောင်ထားမှာ။ နောက်ဆိုရင် ကျွန်တော် သူ့ကို သိပ်ချစ်သလို သူလဲပြန်ချစ်လာမှာပါ မမကြီးရာ"

"အချစ်မပါတဲ့ အိမ်ထောင်ရေးက ဆားမပါတဲ့ဟင်းလို ပေါ့နေတတ်တယ်တဲ့ ဟဲ့"

"ဘာလို့အချစ်မပါရမှာလဲ။ ကျွန်တော်က ချစ်တယ်လေ။ ကိုယ့်မင်္ဂလာပွဲလေးကို ကြိုတင်ရင်ခုန်နေပါတယ်ဆို ငါ့အစ်မအပျိုကြီးက ကြံဖန်ပြီးပူနေပြန်ပြီ"

"အေးပါ အေးပါ။ ခုန်နေလိုက် မင်းရင်တွေ။ ငါ့မောင်လေးပျော်ရင်ပြီးကော"

ကျွန်တော့်ကို အမြဲအလိုလိုက်တဲ့ မမကြီးက သူ့ကိုလဲ ချစ်ပါတယ်။ မင်္ဂလာဧည့်ခံပွဲမှာ ကျွန်တော့် လက်မောင်းကိုချိတ်ထားတဲ့ သူ့လက်လေး။ ရာသက်ပန် မခွဲမဲ့လက်ပေါ့။ သိပ်လှတဲ့သတို့သမီးလေးက ပြုံးနေတာပဲ။ ဧည့်သည်တွေကို ဧည့်ခံနေရတာ ကျွန်တော့် ခြေထောက်က မြေကြီးနဲ့မထိသလိုပင်။

"ချစ်လေး ကိုကိုတို့က အခုဆိုရင် အကြင်လင်မယား ဖြစ်သွားပြီနော်။ ကိုကိုက ချစ်လေးမကြိုက်တာ ဘာတစ်ခုမှမလုပ်ဘူး။ ကိုကို့ကိုပြန်ချစ်ပါကွာ နော်"

သူ့မျက်နှာလေးကို ကြည့်မဝ။ သူ့လက်ဖျားလေး ကိုကိုင်ပြီး ကျွန်တော် မြတ်နိုးစွာပြောလိုက်တယ်။ မျက်လွှာချပြီး ခပ်တိုးတိုးနဲ့-

"အကြင်လင်မယားဖြစ်သွားတဲ့အတွက် ကျွန်မ အိမ်ရှင်မ တာဝန်ကျေပါ့မယ်ရှင်"

သူပြန်ဖြေတဲ့စကားက ကျွန်တော့် ရင်ထဲ ဘဝင်မကျ။ အေးစက်စွာတာဝန်ကျေပေးတဲ့သူနဲ့ နူးညံ့စွာ ယုယရင်ခုန်ချင်တဲ့ကျွန်တော်။ အရာရာ ကျွန်တော့် အလိုကျနေတတ်တဲ့သူက အရုပ်တစ်ရုပ်ပမာ။

(၄)

ဒီလိုနဲ့ ဖြတ်သန်းလာတဲ့ အိမ်ထောင်သက်ဆယ်နှစ်အတွင်း သူ့ဆီက တီတီတာတာစကားနဲ့ ချွဲနွဲ့နေတာမျိုး ကျွန်တော် သိပ်လိုချင်ခဲ့တယ်။ ခုတင်တစ်ဖက်စွန်းမှာ ခပ်ခွာခွာအိပ်တတ်တဲ့သူက အသားကိုထိထားရင် မအိပ်တတ်သူ။ အမြဲအိမ်ရှင်မပီသသူ၊ မိတ်ဆွေတွေကြားမှာ ဇနီးကောင်းရထားသူအဖြစ် ခေါင်းမော့နေနိုင်တဲ့ ကျွန်တော် သူ့ကိုမကျေနပ်ဘူး။ သူ့ကိုချစ်တဲ့စိတ်က ထုထည်ကြီးမားလာလေ မကျေနပ်စိတ်ခံစားရလေ။ သူ့ကို မကျေနပ်တဲ့စိတ်နဲ့ ကျွန်တော် အရက်သောက်မိလာတယ်။

"အေးသူ မင်းကလေ ဘယ်လိုအရာမျိုးဖြစ်ပါစေ ငါ့သဘောပဲလား။ မင်းဘာလိုချင်လဲ။ ဘာဖြစ်ချင်လဲ။ ငါ့ကို ချွဲနွဲ့ပြီးပူဆာလိုက်စမ်းပါ"

"အရက်သောက်များလာတာပဲ။ တိုးတိုးပြောပါနော်။ ဖေဖေသိပ်နေမကောင်းလို့အိပ်နေပြီ။ သားငယ်လဲ အခုမှအိပ်သွားတာမို့ပါ။ ထမင်းစားနော်။ ကျွန်မ ခူးလိုက်မယ်"

"မစားဘူးကွာ။ လာ အခန်းထဲသွားမယ်"

ကျွန်တော် သိပ်မမူးပါ။ သူငယ်ချင်းလင်မယား ချွဲနွဲ့တီတာနေကြတာမြင်ခဲ့ပြီး ကျွန်တော်ပေါက်ကွဲချင်နေပြီ။ ဘာကို ဘယ်လိုရန်လုပ်ရမယ်မသိ။ ဒီအိမ်မှာရှိတဲ့ ယောက္ခမနှစ်ယောက်စလုံးကလဲ ကျွန်တော့်ကို သားအရင်းလိုချစ်တယ်။ အိမ်ထောင်ကွဲသွားတဲ့ ယောက်ဖကလဲ ကျွန်တော့်ကို အစ်ကိုလိုလေးစားတယ်။ သားကြီးက သူ့အဘွားနဲ့အိပ်ပြီ။ သားငယ်က တစ်နှစ်ပင်မပြည့်သေး။ သားလေးနဖူးကို ငုံ့နမ်းပြီးမှ-

"ဒီမှာအေးသူ ဒီသားတွေကကော မင်းတာဝန်ကျေချင်လို့ မွေးပေးထားတာလား။ မင်း ငါ့ကို အခုထိမချစ်သေးဘူးလား"

"အချစ်ဆိုတာက လုပ်ယူဖန်တီးလို့မရသလို။ ရှင့်ရင်ထဲမှာ ကျွန်မကိုချစ်တဲ့အချစ်ကလဲ ဆွဲဖယ်ထုတ်ပစ်လို့မရဘူးဆိုတာကို ကျွန်မနားလည်ပါတယ်"

"ငါလိုချင်တာ ဒီအဖြေမဟုတ်ဘူး"

ကျွန်တော့်ရဲ့မကျေနပ်စိတ် ထိန်းမရတော့ဘူး။ မိုးချုပ်နေပြီကို ဆိုင်ကယ်ကိုခပ်ကြမ်းကြမ်းမောင်းကာ ဦးတည်ရာမဲ့ထွက်ခဲ့မိပြီ။

(၅)

"မင်း တအားကြီးစိတ်ပူနေလား။ ကိုကို ဆိုင်ကယ်မှောက်တယ်ကြားတော့ စိုးရိမ်နေမှာပေါ့နော်။ ကိုကို့ကို မင်းချစ်နေပါပြီ။ ဟုတ်တယ်မလား"

"စိုးရိမ်စိတ်ပူတာက အမှန်ပါ။ လိုချင်တာကိုရပြီးရင် စိတ်ကျေနပ်တတ်ရမယ်။ အရာရာကတော့ ကိုယ့်သဘောတိုင်းဖြစ်လာမှာ မဟုတ်ဘူးလေ။ သားတို့လူလားမြောက်အောင် ပျိုးထောင်ပေးဖို့ မိဘတာဝန်ရှိသေးတယ်။ နောက်ကို သတိလက်လွတ်မဖြစ်ပါစေနဲ့ရှင်"

စာမျက်နှာ ၂၅သို့ ➤

❖ "ချစ်လေး ကိုကိုတို့က အခုဆိုရင် အကြင်လင်မယားဖြစ်သွားပြီနော်။ ကိုကိုက ချစ်လေးမကြိုက်တာ ဘာတစ်ခုမှမလုပ်ဘူး။ ကိုကို့ကိုပြန်ချစ်ပါကွာ နော်" သူ့မျက်နှာလေးကို ကြည့်မဝ။ သူ့လက်ဖျားလေး ကိုကိုင်ပြီး ကျွန်တော် မြတ်နိုးစွာပြောလိုက်တယ်။ မျက်လွှာချပြီး ခပ်တိုးတိုးနဲ့ "အကြင်လင်မယားဖြစ်သွားတဲ့အတွက် ကျွန်မ အိမ်ရှင်မတာဝန်ကျေပါ့မယ်ရှင်" သူပြန်ဖြေတဲ့စကားက ကျွန်တော့်ရင်ထဲ ဘဝင်မကျ။ အေးစက်စွာတာဝန်ကျေပေးတဲ့သူနဲ့ နူးညံ့စွာယုယရင်ခုန်ချင်တဲ့ကျွန်တော်။ အရာရာ ကျွန်တော့်အလိုကျနေတတ်တဲ့သူက အရုပ်တစ်ရုပ်ပမာ။ ❖

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၉၉၇၃ ဧကစိုက်ပျိုးပြီးစီး



ယခုနှစ် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၉၉၇၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၃၇၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၉၇၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းကာလ အင်းတော်မြို့နယ်မှ ဆီထွက်သီးနှံ ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပြီးပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ နေကြာဆိုရင် အဓိက ဆောင်းမှာပဲ စိုက်ကြတာ။ ဒီနှစ် ဆီထွက်သီးနှံလျာထားကြောင်းပြည့်မီအောင်စိုက်ပျိုးသွားမယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေဖြင့် မြေပဲ ၃၉၂၃ ဧက၊ နှမ်း ၁၁၆၂၅ ဧက၊ နေကြာ ၂၂၂၅၊ ပန်းနှမ်း ၂၂၀၀ ဧက စုစုပေါင်း ၁၉၉၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံများစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်၌ အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံဧက ၁၂၅ ဧကစိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

(၂၀၆)

# လှိုင်းဘွဲမြို့နယ် ကုန်းကလေးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လှိုင်းဘွဲ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၇၂ သန်းဖြင့် လှိုင်းဘွဲမြို့နယ် ကုန်းကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကုန်းကလေးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ကုန်းကလေးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၇၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဗွဲကပင်မေမေကုမ္ပဏီက အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က ပြောပြ၍ သိရသည်။ **သူသူ**



➤ စာမျက်နှာ ၂၄မှအဆက်

"ချစ်လေးရာ ကိုကို မင်းကိုသိပ်ချစ်သလို မင်းလဲပြန်ချစ်ပါတော့ကွာ"

"နားလည်မှုနဲ့ မေတ္တာတရားက ပူလောင်တဲ့အချစ်ထက် အိမ်ထောင်ရေးကို ပိုပြီးအေးချမ်းခိုင်မာစေပါတယ်ရှင်"

သွားပြီထင်ပါတယ်။ ယောကျ်ားမျက်ရည် ကျွန်တော်ကျမိပါပြီ။ သူအခုထိ ကျွန်တော့်ကိုမချစ်ပါလား။ သူမေတ္တာထားတာ ကျွန်တော်သိပါတယ်။ ဘာကြောင့်လဲ ဘာကြောင့် တုညီတဲ့ချစ်ခြင်း ကျွန်တော်ပြန်မရတာလဲ။ ဘယ်လောက်ရှာရှာ အဖြေမထွက်တော့ဘူးလား။ ကျွန်တော်ဆေးရုံတက်နေစဉ် ဆယ်ရက်လုံး သူသိပ်ပင်ပန်းပါတယ်။ အိမ်ကိုပြန်ပြေးလိုက် သားငယ်လေးကို နို့တိုက်ပြီး ဆေးရုံပြန်လာလိုက်နဲ့။ ဆေးရုံမှာညစောင့်အိပ်ပေးတဲ့ ယောက်ဖကလဲ သူ့အစ်မကို သနားနေတယ်။ ကျွန်တော် နောက်ဆို အရက်လုံးဝမသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော်မြတ်နိုးစွာသိပ်ချစ်တဲ့သူကို မပင်ပန်းစေချင်ဘူး။ ဆေးရုံကဆင်းပြီး ကျွန်တော် အလုပ်တွေနားကာ အိမ်မှာအနားယူနေရတယ်။

(၆)

"ဟော မမူတို့ပါလား။ လာကြကွယ်"

"တီလေး ဗိုက်ဆာတယ်။ ဘာရှိလဲ"

"ကော်ဖီနဲ့မုန့်စားကြ။ တီလေးဖျော်ပေးမယ်နော်"

သူ့တူမဝမ်းကွဲ တက္ကသိုလ်ကျောင်းသူ လေးယောက် အိမ်လည်လာကြတာပါ။ ကော်ဖီနဲ့မုန့်တွေစားရင်း စကားတွေရေပက်မဝင်ပြောနေကြရော။

"ကြီးကြီးနဲ့ ဘကြီးကော တီလေး"

"သားကြီးကို ကျူရှင်သွားကြိုကြတယ်။ လမ်းထိပ်တင်ပဲဆိုတော့ အညောင်းပြေလမ်းလျှောက်ရင်းဆိုပါတော့ကွယ်။ သားငယ်ကတော့ အခန်းထဲမှာ သူ့အဖေနဲ့လေ"

"ဦးဦးက အလုပ်နားနေတာလား။ မူမူက သူငယ်ချင်းတွေကို ပြောပြထားတာ။ တို့တီလေးက ယောကျ်ားကောင်းရထားတာလို့။ တီလေးကို ဦးဦးကသိပ်ချစ်တာလို့"

"ဟုတ်တယ် တီလေးရေ။ သမီးတို့ကတော့ ဘွဲ့ရပြီးမှ ယောကျ်ားယူမယ်။ တက္ကသိုလ်တက်ရတာ အပျိုဘဝကမှ ပျော်စရာကောင်းတာ။ တီလေးတက္ကသိုလ်တက်တုန်းကကော ပျော်ခဲ့တယ်မလား"

"အဟင်း တီလေးက အဝေးသင်တက်ခဲ့တာပါ။ အပတ်စဉ်ပေါ့ကွယ်။ အဲဒီတုန်းက အိမ်ထောင်ကျခါစ။ သူများတွေပျော်နေကြပါတယ်။ လွတ်လပ်နေကြတယ်။ တီလေးကတော့ ငါက အိမ်ရှင်မလို့ ကိုယ့်ကိုယ်ကိုယ်သတိပေးပြီး ဘယ်မှလဲမလည်ခဲ့ဘူး။ ဘွဲ့လေးတစ်ခုရဖို့ပဲ အာရုံရှိခဲ့တာ။ ငယ်တုန်းကတော့ တီလေးဖြစ်ချင်တာ၊ လုပ်ချင်တာအိပ်မက်တွေရှိခဲ့ပါတယ်။ အိပ်မက်က အိပ်မက်ပဲလေ"

"ဟင် တီလေးကလဲ အဲဒါဆို ဘာလို့ယောကျ်ားအစောကြီးယူလဲ။ ယောကျ်ားအစောကြီးရသွားတော့ ကိုယ့်ရဲ့ငယ်ရွယ်နုပျိုချိန်တွေ မလွတ်လပ်လိုက်တာ၊ နှမြောစရာကြီး"

"အဟင်း ဟင်း ယူလို့ရတာလား။ ရလို့ယူတာလား။ ယူလိုက်တိုင်းကော ရသွားကြလားဆိုတာ တီလေးနားမလည်တော့ပါဘူး"

"ဟား ဟား တီလေးကတော့လုပ်ပြီ။ နားမလည်အောင် ပြောပြတတ်တယ်"

မူမူတို့အဖွဲ့က သူ့စကားကို နားမလည်ဘူးဆိုဘဲ။ ကျွန်တော်ကတော့ သေသေချာချာနားလည်လိုက်ပါတယ်။ နားလည်မှုနဲ့ မေတ္တာတရားကိုသာ အလေးထားပြီး သူမပေးချင်တဲ့ ကျွန်တော်မရနိုင်တာကိုရဖို့ မကြိုးစားတော့ပါဘူး။

## နတ်တော်နှင်းပျန်း စာဆိုတော်ပန်း

- စန်းယှဉ်နက္ခတ် သတ်မှတ်မိဂသီ
မြောက်လေဝှေ့ရမ်း နှင်းဆမ်းခနရာသီ
အင်းဝမှသည် အစချီပျိုး
သမိုင်းအစဉ်အလာ ဂုဏ်ထည်ဝါ
စာဆိုနေ့ကမ္ပည်း ထိုးသည်နှင့်လေး။

- စာပေတန်ခိုး မညှိုးပန်းသဇင်
ရောင်ဖြာကူးယှက် လင်းလက်ငွေကြယ်စင်
ရတနာပုံခေတ်တွင် သစ်လွင်ခဲ့ညား
ကျမ်းမြတ်ကြီးငယ် ရေးသီခြယ်
နောင်ဝယ်မှိုဖို့ ထားသည်နှင့်လေး။

- ကဝိမြတ်များ ထင်ရှားစာဆို
စာပေတန်ဖိုး မြတ်နိုးတတ်စေလို
ရင်၌မသို စာချိုနှမျစ်
ကိုလိုနီခေတ်မှာ ဖိနှိပ်လာ
ရင်နာမဆုံး ဖြစ်သည်နှင့်လေး။

- ဂျပန်တစ်ခေတ် ရောက်ဖြစ်လေပြန်
စာဆိုရောင်းရင်း အသင်းဖွဲ့တည်ထောင်ရန်
ရိုးရာအမွေမှန် မြှုပ်နှံထုဆစ်
မြန်မာ့စာပေ လင်းလက်စေ
တိုးဝေဖြာလို့ သစ်သည်နှင့်လေး။

- ဘိုးဘွားအမွေအနှစ် စာချစ်မြန်မာ
တို့စာ တို့စကား တန်ဖိုးထားစေရာ
လက်ဆင့်ကမ်းကာ ယူလာဆောင်ကြဉ်း
မျိုးဆက်လူငယ် စာမွေ့ဖွယ်
ရည်ရွယ်ပေးအပ် နှင်းသည်နှင့်လေး။

- ညီနောင်ဆွေရင်း စိတ်ချင်းချည်နှောင်
စာကောင်းစာမြတ် မပြတ်လေ့လာဆောင်
အမျိုးဂုဏ်ရောင် ထွန်းပြောင်ထိန်ညီး
ခေတ်နှင့်အညီ ခြယ်မှုန်းသီ
စာနဒီသို့ စီးသည်နှင့်လေး။

- နတ်တော်ခရီး ပြန်ပြီးရောက်လာ
စာဆိုတော်နေ့ မမေ့အပ်ပေတာ
ကဝိမြတ်မဟာ ရည်ကာတသ
သက်ကြီးစာဆို သဒ္ဓါပို
ကြည်ညိုပူဇော် ကြသည်နှင့်လေး။

- ဆောင်းလအဝင်မှာ နှင်းမှုန်ဖျန်းတော့သည်။
ပန်းလှုလက်ာ အဆင်းစုံလန်းပေါ့အတည်။ ။

**စစ်ရင်သွေး(ပန်းတောင်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့တွင် ရေကြီးရေလျှံမှုကြောင့် ကျောင်းများယာယီပိတ်ထား



**ရိယာဒ် နိုဝင်ဘာ ၂၅**

ဆော်ဒီအာရေဗျနိုင်ငံ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်သော ဂျက်ဒါမြို့တွင် နိုဝင်ဘာ ၂၅ ရက်က စံချိန်တင်မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးကာ ကျောင်းများ ယာယီပိတ်ထားခဲ့ရကြောင်း Middle East Eyes သတင်းဌာနက ရေးသားဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့တွင် နိုဝင်ဘာ ၂၅ ရက်က စံချိန်တင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး အရေးပေါ် ကိစ္စရပ်များမရှိပါက နေအိမ်အတွင်း၌သာနေထိုင်ကြရန် ကြေညာထားကြောင်း မက္ကာပြည်နယ် အရပ်ဘက်ကာကွယ်ရေး ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ အဆိုအရ သိရသည်။

ရေကြီးမှုကြောင့် King Abdulaziz အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုပိတ်ထားခဲ့ရာ လေယာဉ်ပျံသန်းမှုဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ကြောင်း၊ ကျောင်းများယာယီပိတ်ထားကာ မက္ကာမြို့သို့သွားသော အဝေးပြေးကားလမ်းများကိုလည်း ပိတ်ထားခဲ့ရကြောင်း နိုင်ငံပိုင်မီဒီယာ၌ ဖော်ပြထားသည်။

ဆော်ဒီအာရေဗျ မိုးလေဝသဌာန၏အဆိုအရ နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီမှမွန်းလွဲ ၂ နာရီအတွင်း ဂျက်ဒါမြို့တောင်ပိုင်းတွင် ရွာသွန်းခဲ့သော မိုးရေချိန်သည် ၁၇၉ မီလီမီတာထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၀၉ ခုနှစ်က ရေကြီးမှုကြောင့် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရသည့် မိုးရွာသွန်းမှုထက် ကျော်လွန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် လမ်းများပေါ်တွင် ကားများဒါဇင်နှင့်ချီ၍ မျောပါလျက်ရှိပြီး ဂျက်ဒါမြို့အပါအဝင် ရာဘစ်မြို့နှင့် ကူလက်စ်မြို့တို့တွင် ကျောင်းများကို ပိတ်ထားရန် ဆော်ဒီအာရေဗျသတင်းအေဂျင်စီ(SPA)မှတစ်ဆင့် ကြေညာထားကြောင်း၊ ဂျက်ဒါမြို့သည် ယခင်နှစ်ကလည်း ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သေးပြီး ၂၀၀၉ ခုနှစ်က ရေကြီးမှုကြောင့် လူ ၁၂၃ ဦး သေဆုံးခဲ့ဖူးကြောင်း သိရသည်။

AZH

# အယ်လ်ဘတ်တာတက္ကသိုလ်မှ ကျောင်းသားများက တောမီးလောင်မှုကိုစောင့်ကြည့်ပေးမည့်ဂြိုဟ်တုတီထွင်

**အော်တဝါ နိုဝင်ဘာ ၂၅**

ကနေဒါနိုင်ငံ အယ်လ်ဘတ်တာတက္ကသိုလ်မှ ကျောင်းသားများက တောမီးလောင်ကျွမ်းမှုကို စောင့်ကြည့်သတိပေးနိုင်မည့် ဂြိုဟ်တုကို တီထွင်ခဲ့ပြီးနောက် အာကာသသို့ လွှတ်တင်တော့မည်ဖြစ်ကြောင်း အယ်လ်ဘတ်တာ တက္ကသိုလ်က ထုတ်ပြန်ခဲ့သည်ဟု Monton Sun သတင်းဌာနက နိုဝင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဂြိုဟ်တုကို Ex-Alta2 ဟုအမည်ပေးထားပြီး ဂြိုဟ်တုကို စမ်းသပ်မှုများထပ်မံပြုလုပ်သွားရန်အတွက် ကနေဒါအာကာသစခန်းသို့ ပို့ဆောင်ထားကြောင်း၊ ထိုမှတစ်ဆင့် နာဆာအဖွဲ့အစည်းထံသို့ ထပ်မံပေးပို့ကာ စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အယ်လ်ဘတ်တာ တက္ကသိုလ်က ထုတ်ပြန်ခဲ့သည်။

"Ex-Alta2 ဂြိုဟ်တုဟာ တောမီးလောင်ကျွမ်းမှုကို စောင့်ကြည့်သတိပေးမဲ့ ဂြိုဟ်တုဖြစ်ပါတယ်။ ဂြိုဟ်တုကို လှေငယ်ပုံစံ တည်ဆောက်ထားပြီး ကင်မရာ တစ်လုံး တပ်ဆင်ထားပါတယ်။ အယ်လ်ဘတ်တာ တက္ကသိုလ်က ကျောင်းသားတွေကပဲ တီထွင်ဖန်တီးထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ စမ်းသပ်မှုတွေပြုလုပ်ပြီးဖြစ်ပါတယ်။ သူ့ရဲ့အလုပ်လုပ်ပုံကတော့ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီဆိုတာနဲ့ ကင်မရာက ဓာတ်ပုံချက်ချင်းရိုက်ပြီးတော့ အထိုင်စက်ကို ပေးပို့သွားမှာဖြစ်ပါတယ်။ ဒီဂြိုဟ်တုကို ကျောင်းသားတွေ ငါးနှစ်တာကာလ အချိန်ယူပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အာကာသထဲကို လွှတ်တင်ဖို့ ကနေဒါအာကာသစခန်းကို ပို့ဆောင်ထားပါတယ်။ လိုအပ်တဲ့ စမ်းသပ်မှုတွေပြုလုပ်ပြီး နာဆာကို ထပ်မံပေးပို့ကာ စမ်းသပ်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု Ex-Alta2 ဂြိုဟ်တုကို စမ်းသပ်ပြုလုပ်ခဲ့သည့် ပရောဂျက်မန်နေဂျာ သောမတ်စ်ဂန်လေက ပြောကြားခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုကိုထိန်းချုပ်နိုင်ရန် ခက်ခဲနေသော်လည်း တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလာပါက ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်၊ တောမီးလောင်ကျွမ်းမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိရန် လိုအပ်နေကြောင်း သိရသည်။

ခိုင်ဆက်

# ကနေဒါနိုင်ငံက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ကနေဒါဒေါ်လာ ၁ ဒသမ ၆ ဘီလီယံသုံးစွဲမည်

**အော်တဝါ နိုဝင်ဘာ ၂၅**

ကနေဒါနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးကို အလေးထားဆောင်ရွက်သွားရန် စီစဉ်လာခဲ့ပြီးနောက် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကနေဒါဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာမြေကြီးပူနွေးမှုကို လျှော့ချနိုင်ရေးအတွက် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးမဟာဗျူဟာကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအတွက်လည်း ဖက်ဒရယ်အစိုးရ၏ ရန်ပုံငွေမှ အသုံးပြုသွားမည်ဖြစ်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်စဉ် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရပြီး ကနေဒါသုတေသီများ၏ ခန့်မှန်းတွက်ချက်မှုအရ ရာသီဥတု ဖောက်ပြန်မှုကြောင့် ၂၀၃၀ ပြည့်နှစ် အရောက်တွင် ပျက်စီးဆုံးရှုံးမှုပမာဏမှာ ကနေဒါဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံထိ မြင့်တက်လာနိုင်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးမဟာဗျူဟာသည် ကနေဒါနိုင်ငံအတွက် ပျက်စီးဆုံးရှုံးမှုများကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



"ရာသီဥတု ဖောက်ပြန်မှုကို တိုက်ဖျက်ဖို့အတွက် အချိန်အဟုန်နဲ့ဆောင်ရွက်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်သွားမယ်။ နှစ်စဉ်နှစ်တိုင်း ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်တွေ ကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားခဲ့တယ်။ ပျက်စီးဆုံးရှုံးမှုတွေ လျှော့ချနိုင်ဖို့အတွက် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကို မဟာဗျူဟာချမှတ်ပြီး ဆောင်ရွက်သွားမယ်။ ချမှတ်ထားတဲ့ မဟာဗျူဟာအရ ကနေဒါဒေါ်လာ ၁ ဒသမ ၆ ဘီလီယံထိ အသုံးပြုသွားမှာဖြစ်ပါတယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စတီဗင်က ပြောကြားသွားခဲ့သည်။

ခိုင်ဆက်

# ဗီယက်နမ်နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ ကျောက်မီးသွေးလောင်စာသုံးစွဲမှု လျှော့ချမည်

**ဟနွိုင်း နိုဝင်ဘာ ၂၅**

ဗီယက်နမ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်အရ ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် လျှော့ချသွားမည်ဖြစ်ကြောင်း ဗီယက်နမ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု VEN သတင်းဌာနက နိုဝင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် COP27 ညီလာခံတွင် ဗီယက်နမ်နိုင်ငံ၏ ကျောက်မီးသွေးလောင်စာသုံးစွဲမှုလျှော့ချရေးအကြမ်းဖျင်းစီမံချက်ကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် G7 အဖွဲ့ဝင်နိုင်ငံများနှင့် ကျောက်မီးသွေးလောင်စာသုံးစွဲမှု လျှော့ချရေးအတွက် ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း ငွေကြေးပံ့ပိုးပေးနိုင်မှုအပိုင်းတွင် G7 အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးမှု သဘောတူညီချက်မရခဲ့ကြောင်း သိရသည်။

"စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ငါးနှစ်တစ်ကြိမ် လျှော့ချသွားမယ်။ လျှော့ချလိုက်တဲ့ ကျောက်မီးသွေးလောင်စာသုံးစွဲမှုပမာဏနေရာမှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အစားထိုးသွားမှာဖြစ်ပါတယ်"ဟု ဗီယက်နမ်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ အနေဖြင့် ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို လျှော့ချသွားမည်ဖြစ်သကဲ့သို့ စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုလည်း အရှိန်မြှင့်တင်သွားမည်ဖြစ်ပြီး ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ငါးနှစ်တစ်ကြိမ်နှုန်းလျှော့ချနိုင်ရန် စီစဉ်ထားကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို ငါးနှစ်တစ်ကြိမ်တိုးချဲ့သွားမည်ဖြစ်ရာ ကျောက်မီးသွေးလောင်စာနေရာ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ဆက်

# ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်၍ အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီဆုံးရှုံးခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် သုံးနှစ်ဆက်တိုက် မိုးခေါင်ရေရှားမှုဖြစ်ပွားခဲ့ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်ဆက်စပ်၍ အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ ဆုံးရှုံးခဲ့ကြောင်း လေ့လာမှုအရသိရသည်ဟု Los Angeles Times သတင်းဌာနက နိုဝင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးခေါင်ရေရှားမှုကြောင့် လယ်ယာလုပ်ငန်းနှင့် ပတ်သက်သော ဆုံးရှုံးမှုအပေါ် တိုက်ရိုက်သက်ရောက်မှုမှာ ၂၀၂၁ ခုနှစ်က အမေရိကန်ဒေါ်လာ သန်း ၈၁၀ သာရှိခဲ့ရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံထိ တိုးလာကြောင်း၊ လယ်ယာထွက်ကုန်များအပေါ်တွင် မှီခိုနေရသော စားသောက်ကုန် ပြုပြင်ရေးလုပ်ငန်းများအပေါ် သက်ရောက်မှုမှာ ၂၀၂၁ ခုနှစ်က အမေရိကန်ဒေါ်လာ သန်း ၅၉၀ ရှိရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၄၅ သန်းရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ Merced's Water system Management Lab မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းများတွင် တိုက်ရိုက်နှင့် သွယ်ဝိုက်ထိခိုက်ခဲ့သော အကျိုးဆက်များကိုပေါင်းစပ်လိုက်ပါက ယခုနှစ်အတွင်း တန်ဖိုးထပ်တိုးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ထိ ရှိလာခဲ့ကြောင်း သုတေသီများ၏ အဆိုအရ သိရသည်။

လယ်မြေစိုက်ပျိုးသော ဒေသများတွင် ဆည်ရေမရရှိမှုကြောင့် အထူးအခက်အခဲ ကြုံတွေ့ခဲ့ရပြီး သီးနှံစိုက်ပျိုးနိုင်သော လယ်မြေဧက ၂၆၇၀၀၀ ကျော် ရေမရရှိမှုကြောင့် ဆုံးရှုံးခဲ့ရကြောင်း၊ ၂၀၀၉ ခုနှစ်က လုံဝစိုက်ပျိုးနိုင်သော ပလပ်မြေဧက ၅၆၃၀၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် ပလပ်မြေဧက ၇၅၂၀၀၀ ထိရှိရာ ပလပ်မြေ ၁၀ ရာခိုင်နှုန်းခန့်တိုးလာကြောင်း သိရသည်။

AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# သင့်သမိုင်းကို သင်ပဲရေးရမှာ

## ဂျာနယ်လစ်တစ်ဦး

ပညာဆိုတာက အကျယ်ကြီး၊ အနက်ကြီးပဲ။ ငါသိပြီ၊ ငါတတ်တယ်ဆိုပြီး ပညာရှာမှီးတာကိုရပ်လိုက်ရင် အဲဒီလူဟာ နိမ့်ဆင်းလျော့ကျသွားတော့တာပဲ။ အဆက်မပြတ်၊ အမြဲမပြတ်သိစရာ၊ တတ်စရာတွေက အရှိန်အဟုန်နဲ့ တိုးပွားများပြားနေတာဖြစ်ပါတယ်။ တစ်ရက်တစ်လနဲ့ မသိသာသေးပါ။

တကယ်တော့ လူသားတွေရဲ့သမိုင်းတစ်လျှောက်မှာ အတွေးအခေါ်အားဖြင့် အဆင့်မြင့်မြင့်ကြံစည်တွေးခေါ်မြော်မြင်နိုင်တာ နှစ်ပေါင်း ၃၀၀၀ လောက်သာ ရှိပါသေးတယ်။ တောရိုင်းသတ္တဝါတွေလိုပဲ လှည့်လည်သွားလာနေခဲ့ကြရာမှ ငါးဖမ်း၊ အမဲလိုက်၊ အသက်ရှင်ရပ်တည်နိုင်အောင်ကြိုးပမ်းကြရတာ နှစ်ပေါင်းသန်းနဲ့ချီပြီး ဖြတ်သန်းခဲ့ကြရတယ်။ ဂူတွေထဲမှာနေရင်း မီးကို(ကျောက်ချင်းပွတ်ပြီး မီးပွားမှမီးရအောင်)တွေ့ရှိလာကြပြီးတဲ့နောက် အသားငါးတွေ အစိမ်းစားနေရာမှ ကင်စား၊ ဖုတ်စား၊ ချက်ပြုတ်စားတာ ပိုပြီးအရသာရှိတယ်၊ ကောင်းမွန်တယ်ဆိုတာ သိမြင်လာကြတယ်။

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ စိုက်ပျိုးထွန်ယက်စားတတ်လာတဲ့ သမိုင်းဦးဘုံမြေခေတ်ကနေ ယနေ့အခြေအနေအဆင့်မြင့်နည်းပညာခေတ်၊ အေအိုင်ခေတ်ရောက်လာအောင် ဘိုးဘွားဘီဘင်လူသားတွေဟာ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် မွေးမြူပျိုးထောင်လာခဲ့ကြတယ်။ အုပ်စုမှသည် မြို့၊ ရွာ၊ နိုင်ငံထူထောင်အုပ်ချုပ်စီမံတတ်လာကြသည်။ စိုက်ပျိုးရေးကို ပိုကောင်းအောင် လုပ်ဆောင်နိုင်လာတယ်။ ကြက်၊ ဝက်၊ ဆိတ်၊ နွားအပြင် ဆင်ကိုတောင် မွေးမြူအသုံးချနိုင်စွမ်းရှိလာတယ်။

လျင်မြန်တဲ့မြင်းတပ်တွေနဲ့ အင်ပါယာတွေချဲ့ထွင်ခဲ့ကြတယ်။ အင်အားကြီးတဲ့ဆင်တပ်များတဲ့ ဘုရင်က ဘုန်းတန်ခိုးပိုကြီးကြတယ်။ ဘုရင်ဖြစ်သူအရည်အချင်းမြင့်မားရင် သူ့ရဲ့သြဇာအာဏာပိုကြီးပြီး နယ်နိမိတ်ကျယ်တာပဲ။ ညံ့ဖျင်းတဲ့မင်းများလက်ထက်မှာ နိုင်ငံမအေးချမ်းဘူး၊ မဖွံ့ဖြိုးဘူး။ လူတွေဆင်းရဲကြရတယ်။

၁၈ ရာစုလောက်ရောက်တော့ စက်မှုတော်လှန်ရေးနဲ့ စက်ရုံ၊ အလုပ်ရုံတွေ ထူထောင်နိုင်ကြတဲ့ ဥရောပတိုက်သားတွေဟာ ရေတပ်ကြီးတွေဖွဲ့စည်းပြီး ပင်လယ်ဓားပြအဖြစ်မှ နယ်ချဲ့ကျူးကျော်တိုက်ခိုက်တဲ့ အရင်းရှင်ကိုလိုနီနိုင်ငံတွေဖြစ်လာကာ လက်အောက်ခံနိုင်ငံနဲ့လူမျိုးတွေကို ကျွန်လိုဖိနှိပ်ပြီး ကုပ်သွေးစုပ်အမြတ်ထုတ်ကြတော့တာပဲ။

လိမ်တဲ့လူကလည်း လိမ်လို့ကောင်းတုန်း။

ဆက်ပြီးညာတဲ့လူကလည်း ညာတုန်း၊ လိမ့်တုန်း။ ကြောင်ကိုရေချိုး၊ မရောင်ရာဆီလူးပြီး ဟုတ်ယောင်ထင်အောင် ဖြီးတုန်းဖြန်းတုန်း။

နကန်းတစ်လုံးမှ ဗဟုသုတမရှိကြတဲ့လူတွေက ဘာမသိညာမသိလက်နက်ကိုင်ဆူပူပုန်ကန်တာကိုပဲ နွေဦးတော်လှန်ရေးတံဆိပ်ကပ်ပြီး လူသတ်၊ ဗုံးခွဲ၊ မီးရှို့၊ မိုင်းထောင်လုပ်နေဆဲပဲ။

လူသတ်တာက ပြည်သူတွေကို။

ဗုံးခွဲတာက လျှပ်စစ်တာဝါတိုင်။

မီးရှို့တာက ပညာရေးစာသင်ကျောင်း။

မိုင်းထောင်ဖောက်ခွဲတာက လမ်းတွေနဲ့တံတားတွေ။

တိုင်းပြည်ဖျက်သာသက်သက်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစအချိန်မှစပြီး ပြည်တွင်း၊ ပြည်ပမဟုတ်မမှန် လုပ်ကြံဝါဒဖြန့်တာတွေ

❖ နကန်းတစ်လုံးမှ ဗဟုသုတမရှိကြတဲ့လူတွေက ဘာမသိညာမသိလက်နက်ကိုင်ဆူပူပုန်ကန်တာကိုပဲ နွေဦးတော်လှန်ရေး တံဆိပ်ကပ်ပြီး လူသတ်၊ ဗုံးခွဲ၊ မီးရှို့၊ မိုင်းထောင်လုပ်နေဆဲပဲ။ လူသတ်တာက ပြည်သူတွေကို။ ဗုံးခွဲတာက လျှပ်စစ်တာဝါတိုင်။ မီးရှို့တာက ပညာရေး စာသင်ကျောင်း။ မိုင်းထောင်ဖောက်ခွဲတာက လမ်းတွေနဲ့တံတားတွေ။ တိုင်းပြည်ဖျက်သာသက်သက်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစအချိန်မှစပြီး ပြည်တွင်း၊ ပြည်ပမဟုတ်မမှန်လုပ်ကြံဝါဒဖြန့်တာတွေ အဟုတ်မှတ်ပြီး လုပ်ခဲ့ကြတာ ယနေ့အထိ။ နှစ်ပေါင်း ၇၅ နှစ်တောင်ရှိပေတော့မယ်။ ❖

အဟုတ်မှတ်ပြီးလုပ်ခဲ့ကြတာ ယနေ့အထိ။ နှစ်ပေါင်း ၇၅ နှစ်တောင်ရှိပေတော့မယ်။ မျိုးဆက်သုံးဆက်လောက် ခေတ်နောက်ကျ။

ခေတ်အမြင်၊ ခေတ်အတွေးတွေ ခေတ်မီအောင် အသိအမြင်ရှိဖို့ရာက အဓိက စာဖတ်မှသိနိုင်တယ်။ နေ့စဉ်သတင်းစာလေးတောင်ဖတ်ရကောင်းမှန်းမသိကြတဲ့ နလပိန်းတုံးလူသားတွေများလှတဲ့ အဖွဲ့အစည်းမှာ ဘယ်သူဘယ်ဝါကိုမဲပေးပြီး ပြည်သူ့ကိုယ်စားလှယ်ရွေးရမှန်းမသိရင်တော့ ကြာလေခက်လေ ကိုသာခက်တွေဖြစ်ပေတော့မယ်။ ကြာလေဆိုးလေ မောင်သာဆိုးတွေဖြစ်နေတော့မယ်။

ပါးစပ်က **"ဒီမိုကရေစီ"** နားထောင်ကောင်းအောင် လျှာအရိုးမရှိတိုင်းပြောချင်သလောက်ပြော။ နယ်ချဲ့အရင်းရှင်စနစ်နဲ့ ကြီးနိုင်ငယ်ညှင်းအနိုင်ကျင့်ဗိုလ်ကျခဲ့တဲ့ မျက်နှာဖြူတွေရဲ့မတရားမှု၊ မသမာမှုတွေဟာ ၁၉ ရာစု၊ ၂၀ ရာစုထိ နှစ်ပေါင်း ၃၀၀ ကြာခဲ့ပါပြီ။ ဟန်ဆောင်စကားပြောနေသူများ။

၂၁ ရာစုကတော့ ထူးခြားပြောင်းလဲမယ့် လူ့သမိုင်းခေတ်တစ်ဆက် ရောက်လာပါတော့တယ်။ ဒီမိုကရေစီဗန်းပြ၊ **"လူ့အခွင့်အရေး"** အသံကျယ်ကျယ်အော်ဟစ်ရင်း၊ မသိနားမလည်တဲ့ နိုင်ငံငယ်၊ နိုင်ငံသားတွေကို အချင်းချင်းဗိုလ်လုတိုက်ခိုက်အောင် မြှောက်ပင့်ပေး။ နှစ်ဖက်စလုံးကို လက်နက်ရောင်းချ။ လက်နက်ခဲယမ်းစက်ရုံတွေက အမြတ်အစွန်းမတန်တဆရပြီး ချမ်းသာသည်ထက် ပိုပြီးချမ်းသာ။ အချင်းချင်းဆော်လေလေ သူပျော်လေလေ။

နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုနဲ့ လူ့သမိုင်းကို ဘာမှမသိ၊ ပထဝီနိုင်ငံရေးကိုလည်း နားမလည်။

အဆိုးဆုံးက မိမိမှာ ဘာတွေကောင်းမွန်တဲ့အားသာချက်တွေ ရှိမှန်းမသိ။ သူများဆီက မှီခိုလက်ဝေခံပြီး အချင်းချင်းလုယက်သတ်ဖြတ်ရလို့ အရိုးအရင်းကိုက်ရရင်ပဲ အဟုတ်ကြီးမှတ်။

အတွေးက တိမ်လှတယ်။

နိုင်ငံရေးကိုနားမလည်တဲ့ အမြော်အမြင်ကင်းမဲ့သူ အချောင်သမား၊ နိုင်ငံရေးသမားအမည်ခံ ပုဂ္ဂိုလ်တချို့ကြောင့် ကမ္ဘာ့နိုင်ငံများစွာဟာ ဆင်းရဲတွင်းထဲမှာပဲ ဝဲလည်နေခဲ့ကြတာ နှစ်ပေါင်းရာချီ။

ပညာရှိကိုခေါင်းဆောင်ရွေးရမှာကိုယ့်လူရဲ့ ပညာမရှိတဲ့မောင်တွေကို ခေါင်းဆောင်တင်မိရင် ကိုယ့်ကိုကုပ်ခွစီးပြီး ကျွဲလို၊ နွားလိုခိုင်းမှာပဲ။ ဘယ်သူဘယ်ဝါ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမရှိခဲ့ပါဘူး။ ဘယ်ပါတီကို မဲပေးပါ။ ဘယ်ပါတီတော့ မဲမပေးနဲ့လို့လည်း မတိုက်တွန်းပါဘူး၊ မတားမြစ်ပါဘူး။ ကိုယ်ကြိုက်ရာကိုယ်ရွေး။ လွတ်လပ်စွာစဉ်းစားပြီး ကိုယ်ကြိုက်တာ ကိုယ်ပေး။

ကိုယ်ကျေနပ်ရင်ပြီးတာပဲ။

အဲ ကျေနပ်နေရုံနဲ့တော့မပြီးသေးဘူးနော်။ ကိုယ်တင်လိုက်တဲ့ပုဂ္ဂိုလ်ရဲ့ကောင်းကျိုး၊ ဆိုးကျိုးကို ငါးနှစ်လောက်ကြာအောင် စံစား၊ ခံစားရမယ်။ ဒုက္ခတွေတွေ့ကြုံရရင်လည်း ခါးစည်းခံခဲ့ဖူးပြီ။

ဘယ်လိုလူက ပညာရှိတုန်း။ ဘယ်လိုများခွဲခြားပြီး သိနိုင်ပါမလဲ။ ဘယ်သူက ပိုပညာရှိလဲ။

လွယ်လွယ်လေးပါပဲ။

ထိုကိုယ်စားလှယ်လောင်းပုဂ္ဂိုလ်ရဲ့ ခြင်းရာလက္ခဏာသုံးရပ်ကို အကဲခတ်ကြည့်လိုက်ပါ-

**၁။ ကောင်းသောအကြံအစည်ကိုသာ စဉ်းစားတတ်ခြင်း၊ တွေးခေါ်စိတ်ကူးခြင်း။**
**သုစိန္တိတ စိန္တီ၊**

**၂။ ကောင်းသောစကားကိုသာ ပြောဆိုခြင်း၊**
**သုဘာသိတဘာသီ၊**

**၃။ သုကတ ကမ္မကာရီဆိုတဲ့ အပြစ်မရှိကောင်းသောအလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်းတဲ့၊**

ဒီလူ ဘယ်လိုအကြောင်းတွေ တွေးခေါ်စဉ်းစားနေသလဲ(သိချင်ရင် သူ့ကို မျက်နှာချင်းဆိုင်မေးလို့ရပါတယ်။ "တိုင်းပြည်ကောင်းအောင် ခင်ဗျားစိတ်ကူးထားတဲ့ အကြံအစည်တွေက ဘာတွေလဲဗျာ။" "ဘာတွေလဲရှင်") သူ့အကြံအစည်က သုစိန္တိတ စိန္တီဖြစ်ပါရဲ့လား။ ချင့်ချိန်လို့ရပါတယ်။ မမှားနိုင်ပါဘူး။

ထိုလူ၊ ထိုပုဂ္ဂိုလ် ဘာတွေပြောသလဲ။ ဘယ်လိုစကားမျိုးတွေပြောနေသလဲ။ ဒီမိုကရေစီခေတ်ပါ။

ပြည်သူလူထုဟာ အချို့လူတွေ ထင်သလောက်မအကြပါဘူး။ ပါးစပ်ဟလိုက်တာနဲ့ ဒီလူမှာ အူဘယ်နှခွေရှိသလဲဆိုတာ ထွင်းဖောက်သိမြင်ပါတယ်။ (အွန်လိုင်းကနေ သတင်းသမားအမည်ခံပြီး ပြောဆိုနေကြသူတွေ တွေ့ရတယ်။ ပရိသတ်က ဘာဝေဖန်ထောက်ပြနေကြသလဲသိလား။ ဟေ့. . . ကို. . . ဘယ်သူရေ ကျားသေကိုအသက်သွင်းဖို့တော့ ကြံစည်ပြောဆိုမနေနဲ့။ ပါးစပ်ဟတာနဲ့ ခင်ဗျားစကားတွေဘယ်ရောက်နေပြီလဲ သိနေတယ်တဲ့) ကဲ. . . မသိဘူးမထင်လေနဲ့။ သိနေတယ်နော်။

ကျွန်တော်တို့၊ ခင်ဗျားတို့အားလုံးရဲ့ကိုယ်စား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေ စီမံခန့်ခွဲ၊ ရေးဆွဲ၊ ရွေးချယ်၊ ဆုံးဖြတ်မယ့်ပုဂ္ဂိုလ်လောင်း၊ ခေါင်းဆောင်ကို မဲပေးရွေးချယ်ရာမှာတော့ သေသေချာချာချင့်ချင့်ချိန်ချိန်သုံးသပ်ပြီးမှ ဆုံးဖြတ်သင့်ပေတယ်မဟုတ်လား။ နောက်နှစ်အတွက် ယခုနှစ်ကတည်းက လေ့လာထားကြပေတော့နော်။

# မိုးမိတ်မြို့နယ် သဲနီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးမိတ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သဲနီကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ သဲနီကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက လမ်းရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

သဲနီကျေးရွာတွင် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၉၅ သိန်း စုစုပေါင်း ငွေကျပ် ၁၂ ဒသမ ၉၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် သဲနီကျေးရွာနေပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ ယခင်ကထက်ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**



## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်ထိ ပြည်တွင်း၊ ပြည်ပခရီးသွား ခြောက်သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့



**ထားဝယ် နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဒေသများသို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်ထိ ပြည်တွင်း၊ ပြည်ပ ခရီးသွား ခြောက်သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (တနင်္သာရီတိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးရဲအောင်မိုး၏ ပြောကြားချက်အရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားများ အဓိကဝင်ရောက်သည့် ခရီးစဉ်ဒေသများရှိရာ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်တို့သို့ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ပြည်တွင်းခရီးသွား ၅၉၃၇၆၃ ဦး၊ ပြည်ပခရီးသွား ၃၇၇၆ ဦး ဝင်ရောက်ခဲ့ပြီး ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလတွင် ပြည်တွင်းခရီးသွား ၂၂၁၇၈ ဦး၊ ပြည်ပခရီးသွား ၂၄၆၇ ဦး ဝင်ရောက်ခဲ့သဖြင့် ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်ထိ ပြည်တွင်းခရီးသွား ၆၁၅၉၄၁ ဦးနှင့် ပြည်ပခရီးသွား ၆၂၄၃ ဦး စုစုပေါင်း ၆၂၂၁၈၄ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"အခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နဲ့ ကော့သောင်းခရိုင်တွေကို ပြည်တွင်း၊ ပြည်ပ ခရီးသွား ဝင်ရောက်မှုအနေနဲ့ ဇန်နဝါရီလကနေ အောက်တိုဘာလထိ ကာလအတွင်းမှာ ပြည်တွင်းခရီးသွား ၆၁၅၉၄၁ ယောက်နဲ့ ပြည်ပခရီးသွား ၆၂၄၃ ယောက် ဝင်ရောက်တယ်။ အဲဒီ ခရီးသွားတွေထဲက မြိတ်ခရိုင်ကို အများဆုံးလာကြတယ်။ ထားဝယ်ခရိုင်ကိုကျတော့ ပြည်ပခရီးသွားက Business Visa နဲ့ လာတဲ့သူများတယ်"ဟု ဦးရဲအောင်မိုးက ပြောပြသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ခရီးသွားဒေသများသို့ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးမှ လာရောက်လည်ပတ်သူ များပြားပြီး မြိတ်ကျွန်းစုအတွင်းရှိ စမတ်ကျွန်း၊ ဘေလီကျွန်း၊ ကြယ်လိပ်ကျွန်း၊ ပဒန်းကျွန်းတို့သို့ အဓိက သွားရောက်လည်ပတ်ကြကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ ၅၆ လုံးရှိပြီး လက်ရှိတွင် ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုရိပ်သာ ၄၁ လုံးကို ဖွင့်လှစ်ထားရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန (တနင်္သာရီတိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးရဲအောင်မိုးထံမှ သိရသည်။

ASH

## ကျိုက်လတ်မြို့နယ် အောင်ဗလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ဗလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက အောင်ဗလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ နှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးအား မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၅၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောပြ၍ သိရသည်။

**မြို့လေး**

## စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၂၈၅ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၀၂၈၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဂျုံသီးနှံ ၃၁၀၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၈၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းမှာ ဂျုံသီးနှံဧက သုံးသောင်းကျော်စိုက်ဖို့ လျာထားတယ်။ ဒီနေ့ထိ ၁၀၂၈၅ ဧက စိုက်ပြီးပြီ။ ဂျုံသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ ဂျုံသီးနှံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ်က ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဂျုံသီးနှံ ၃၁၀၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံကို အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် ထွက်ပေါ်ကြောင်း၊ စစ်ကိုင်းမြို့နယ်တွင် ဂျုံဖြူမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီက စစ်ကိုင်းခရိုင်တွင် ဂျုံ ၄၇၅၇၆ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၁၉ တင်းခန့်ထွက်ရှိကာ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် ဂျုံသီးနှံ ၃၁၀၃၁ ဧက စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## ဆင်ပေါင်ဝဲမြို့နယ် အင်ပင်လှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် တောညောင်ပင်သာကျေးရွာအုပ်စု အင်ပင်လှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ သောက်သုံးရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းအချိန်မီ ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



အင်ပင်လှကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၅၂၀ ရှိ အဝီစိစက်ရေတွင်းတစ်တွင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း အစရှိသည့် လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၄၃၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများက ဇွန်လအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၁ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

## မြေပုံမြို့နယ် ရှောက်ခြံကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းဆောင်ရွက်မှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှောက်ခြံကျေးရွာ၌ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့် အတူ ရှောက်ခြံကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော မျိုးမြတ်ထည်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပုံ မြို့နယ် ရှောက်ခြံကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက်ပေ ၂၀ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် မျိုးမြတ်ထည်ကုမ္ပဏီက ဩဂုတ် ၂၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်ထိ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလားပွဲစဉ်တွေထဲက တိုက်စစ်မြင့်ကစားလာမဲ့ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ အာဂျင်တီးနားတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလား အုပ်စုဒုတိယပွဲစဉ်တွေဟာ နောက်တစ်ဆင့်တက်ရောက်ဖို့ အကြိတ်အနယ်ယှဉ်ပြိုင်ရမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်တွေမှာတော့ အာရှဇုန်က အသင်းငါးသင်းမှာ သြစတြေးလျတစ်သင်းသာ ရှုံးပွဲကြုံခဲ့ပြီး ကျန်လေးသင်းကတော့ ရမှတ်စုဆောင်းနိုင်ခဲ့တာကြောင့် ဒီနှစ်ကမ္ဘာ့ဖလားဟာ အာရှအသင်းတွေ ခြေစွမ်းပိုင်းတိုးတက်လာတာကို အသိအမှတ်ပြုရမှာပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ အသင်းတိုင်းက လျှော့တွက်လို့မရပေမဲ့ တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေမှာတော့ နောက်တစ်ဆင့်တက်ရောက်ဖို့ တိုက်စစ်မြင့်ကစားလာမဲ့အသင်းကြီးတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပါတယ်။

**ဘယ်လ်ဂျီယံနဲ့ လက်တွဲရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလားအုပ်စု(F) ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘယ်လ်ဂျီယံနဲ့ မော်ရိုကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ ကနေဒါအသင်းကို အကြိတ်အနယ်ကစားခဲ့ရပြီး ကျဉ်းမြောင်းတဲ့ရလဒ်နဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဓိကတိုက်စစ်မှူး လူကာကူ ပါဝင်နိုင်ခြင်းမရှိပေမဲ့ တိုက်စစ်ပိုင်းမှာ ဘက်ရှုဝါရီ၊ ဟာဇက်၊ ဒီဘရိုင်းတို့နဲ့ ကစားနေပြီး ထရိုဆာ့ဒ်၊ ကက်တယ်လာရီတို့ကလဲ ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတာကြောင့် တိုက်စစ်ပိုင်းစုဖွဲ့မှုကောင်းတယ်လို့ဆိုရမှာပါ။ အဖွင့်ပွဲစဉ်မှာတော့ ကနေဒါကို ဟာဇက်၊ ဒီဘရိုင်း၊ ဘက်ရှုဝါရီတို့အတွဲနဲ့ ပွဲထွက်ခဲ့ပြီး ဘက်ရှုဝါရီက အနိုင်ဂိုးသွင်းယူပေးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ ကမ္ဘာ့အဆင့်(၂)မှာရပ်တည်နေတဲ့ ဘယ်လ်ဂျီယံအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာလဲ ၁၁ ကြိမ်ဝင်ခွင့်ရရှိခဲ့ပြီး စတုတ္ထနဲ့တတိယတစ်ကြိမ်စီရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ နည်းပြမာတီနက်ဇ်ရဲ့(၃-၄-၂-၁) ကစားကွက်မှာ ကစားသမားအားလုံးပုံစံကောင်းပြသနိုင်ခဲ့ပြီး ဂိုးသမားကော့တွိုက်ကလဲ ပင်နယ်တီကာကွယ်မှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပါတယ်။

မော်ရိုကိုအသင်းဟာ ဥရောပကလပ်အသင်းကြီးတွေမှာ ကစားနေတဲ့ ဇီရက်ချ်၊ အန်ညက်ဆီရီ၊ ဘူဖယ်လ်၊ ဟာကီမီ၊ အက်ဂွါတို့လို ကစားသမားတွေရှိနေတာကြောင့် လျှော့တွက်လို့တော့မရပါဘူး။ ဒ့ါပြင် အဖွင့်ပွဲစဉ်မှာ ခရိုအေးရှားကို ပြန်လည်တုံ့ပြန်နိုင်တဲ့ခြေစွမ်းပိုင်းက အားရစရာကောင်းတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိ ကမ္ဘာ့အဆင့်(၂၂) မှာ ရပ်တည်နေပြီး လက်ရှိအကြိမ်အပါအဝင် ကမ္ဘာ့ဖလားခြောက်ကြိမ်ဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြဝါလစ်ကတော့ ဒီနှစ်ဩဂုတ်လမှ အသင်းကိုစတင်ကိုင်တွယ်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ခြေစမ်းပွဲတွေမှာ အကောင်းဆုံးပုံစံတည်ဆောက်ထားနိုင်တာကိုသတိပြုရမှာပါ။ နည်းပြဝါလစ်ရဲ့တိုက်စစ်အစုအဖွဲ့ဟာ ကလပ်အသင်းကြီးတွေမှာကစားနေတဲ့ကစားသမားတွေဖြစ်ပေမဲ့ ပုံမှန်ပွဲထွက်ခွင့်မရတဲ့ ကစားသမားတွေဖြစ်နေတာကြောင့် တိုက်စစ်ပိုင်းက ထင်သလောက်အလုပ်မဖြစ်တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ တိုက်စစ်ကစားပုံကောင်းတဲ့ ဘယ်လ်ဂျီယံကို မော်ရိုကိုခံစစ်ပိုင်းအနေနဲ့ မထိန်းချုပ်နိုင်ရင်ဂိုးများသွားနိုင်ပါတယ်။ ဒါကြောင့် ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဘယ်လ်ဂျီယံအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပိုလန် | ၀ | - | ၁ | ဘယ်လ်ဂျီယံ |
| ဘယ်လ်ဂျီယံ | ၂ | - | ၁ | ဝေးလ် |
| နယ်သာလန် | ၁ | - | ၀ | ဘယ်လ်ဂျီယံ |
| ဘယ်လ်ဂျီယံ | ၁ | - | ၂ | ခရိုအေးရှား |
| ဘယ်လ်ဂျီယံ | ၁ | - | ၀ | ကနေဒါ |

**မော်ရိုကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လေဘာရီယာ | ၀ | - | ၂ | မော်ရိုကို |
| မော်ရိုကို | ၂ | - | ၀ | ချီလီ |
| ပါရာဂွေး | ၁ | - | ၀ | မော်ရိုကို |
| မော်ရိုကို | ၃ | - | ၀ | ဂျော်ဂျီယာ |
| မော်ရိုကို | ၀ | - | ၀ | ခရိုအေးရှား |

**ခရိုအေးရှားကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ အုပ်စု(F)ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ခရိုအေးရှားနဲ့ ကနေဒါအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ခရိုအေးရှားအသင်းဟာ ဥရောပကလပ်အသင်းကြီးတွေမှာကစားနေတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားတာကြောင့် စုဖွဲ့မှုကောင်းနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ မော်ရိုကိုအသင်းကိုထိန်းချုပ်ကစားပြီး အနည်းဆုံး သရေတစ်မှတ်ရယူသွားပေမဲ့ အခုပွဲစဉ်ကိုတော့ သူတို့အသင်းနိုင်ပွဲရှာရမှာဖြစ်ပါတယ်။ ခရိုအေးရှားအသင်းဟာ ၁၉၉၈ ခုနှစ်ကစပြီး ပါဝင်ခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ တစ်ကြိမ်သာခြေစစ်ပွဲမအောင်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ်မှာ ဗိုလ်လုပွဲထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရမှတ်လိုအပ်တဲ့ပွဲစဉ်တွေဆိုရင် အစွမ်းကုန်ကြိုးစားပြီး နိုင်ပွဲရခဲ့တဲ့မှတ်တမ်းကောင်းတွေရှိခဲ့ပါတယ်။ လက်ရှိ နည်းပြဒါလစ်ရဲ့တိုက်စစ်စုဖွဲ့မှုကတော့ ကမ္ဘာ့ဖလားမတိုင်ခင်ပွဲစဉ်တွေမှာ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး အဲဒီသွင်းဂိုးတွေကို ကွင်းလယ်ကစားသမားအများစုက သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ကွင်းလယ်မှာလဲ မိုဒရစ်၊ ဘရိုဇိုဗစ်၊ ကိုဗာဆစ်၊ ပါရီဆစ်တို့အတွဲက ကနေဒါကွင်းလယ်နဲ့ယှဉ်ရင် သာလွန်နေသလို အဲဒီကစားသမားတွေခြေစွမ်းပြနိုင်ရင် ခရိုအေးရှားအသင်း နိုင်ပွဲရဖို့မခက်ပါဘူး။

ကနေဒါအသင်းဟာ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ ဘယ်လ်ဂျီယံကို ဖိအားပေးကစားနိုင်ခဲ့ပေမဲ့ အယ်ဖွန်ဆိုဒေးဗစ် ပင်နယ်တီမဝင်ခဲ့တာကြောင့် ရမှတ်ဆုံးရှုံးသွားတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ နည်းပြဟာ့ဒ်မန်းရဲ့(၃-၄-၂-၁)ကစားကွက်ဟာ ဘယ်လ်ဂျီယံကို အချိန်တိုင်းဖိအားပေးနိုင်ခဲ့ပေမဲ့ တိုက်စစ်အတွဲဖြစ်တဲ့ ဂျွန်နသန်ဒေးဗစ်၊ ဟွိုင်းလက်၊ ဘူချာနန်တို့ အခွင့်အရေးတွေအသုံးမချနိုင်ခဲ့လို့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ကနေဒါအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ၁၉၈၆ ခုနှစ်မှာတစ်ကြိမ်သာ ဝင်ခွင့်ရခဲ့ပေမဲ့ ကျန်နှစ်တွေမှာခြေစစ်ပွဲမအောင်မြင်ခဲ့ပါဘူး။ ဒီနှစ်မှာတော့ကစားသမားစုဖွဲ့မှုကောင်းမွန်လာတာကြောင့် မြောက်အမေရိကဇုန်မှာ ခြေစစ်ပွဲကိုအုပ်စုဗိုလ်နဲ့ဝင်ရောက်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ အသင်းလိုက်ကစားအားရှိပေမဲ့ ကစားသမားအများစုဟာ ကမ္ဘာ့ဖလားနဲ့စိမ်းနေတာကြောင့် အတွေ့အကြုံပိုင်းအားနည်းချက်ရှိနေပါတယ်။ အခုပွဲစဉ်မှာလဲ ခရိုအေးရှားလို ကစားပုံကျစ်လျစ်ပြီး ပြိုင်ပွဲအတွေ့အကြုံရှိတဲ့အသင်းကို ထိန်းချုပ်ကစားဖို့မလွယ်ပါဘူး။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံး ရမှတ်လိုအပ်ချက်ရှိနေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ ခံစစ်ကစားပုံမှာ ခရိုအေးရှားအသင်းက သာလွန်နေတာကြောင့် ခရိုအေးရှားအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ခရိုအေးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၀ | - | ၁ | ခရိုအေးရှား |
| ခရိုအေးရှား | ၂ | - | ၁ | ဒိန်းမတ် |
| ဩစတြီးယား | ၁ | - | ၃ | ခရိုအေးရှား |
| ဆော်ဒီအာရေဗျ | ၀ | - | ၁ | ခရိုအေးရှား |
| မော်ရိုကို | ၀ | - | ၀ | ခရိုအေးရှား |

**ကနေဒါအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာတာ | ၀ | - | ၂ | ကနေဒါ |
| ဥရုဂွေး | ၂ | - | ၀ | ကနေဒါ |
| ဘာရိန်း | ၂ | - | ၂ | ကနေဒါ |
| ဂျပန် | ၁ | - | ၃ | ကနေဒါ |
| ရိုမေးနီးယား | ၁ | - | ၀ | ကနေဒါ |

**အာဂျင်တီးနား အနိုင်ရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ အုပ်စု(C) ဒုတိယပွဲစဉ်မှာအကြိုက်တွေ့မိတာကတော့ အာဂျင်တီးနားနဲ့ မက္ကဆီကိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ နည်းပြစကာလိုနီလက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာခဲ့ပေမဲ့ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ အာရှဇုန်က ဆော်ဒီအာရေဗျကို ရှုံးနိမ့်ခဲ့တာကြောင့် (၃၆)ပွဲဆက် ရှုံးပွဲမရှိစံချိန် ကျိုးပျက်သွားတဲ့အပြင် နောက်တစ်ဆင့်တက်ဖို့အတွက် အခုပွဲစဉ်ဟာ အဆုံးအဖြတ်ဖြစ်သွားတာကိုတွေ့ရမှာပါ။ ဒါကြောင့် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး မက်ဆီ၊ ဒီမာရီယာ၊ မာတီနက်ဇ်တို့ကိုပိုင်ဆိုင်ထားတဲ့စကာလိုနီဟာ အခုပွဲစဉ်မှာ ကစားသမားအစုံအလင်နဲ့ဗိုလ်လုပွဲကစားရမဲ့ပုံစံမျိုးနဲ့ ပွဲထွက်လာဖို့များပါတယ်။ သူတို့အသင်းအနေနဲ့ အခုကမ္ဘာ့ဖလားမှာ ဗိုလ်စွဲဖို့ရေပန်းစားနေပေမဲ့ ခြေစွမ်းပိုင်းကတော့ အားရစရာကောင်းတဲ့ အခြေအနေမျိုးမတွေ့ရသေးပါဘူး။ ဆော်ဒီနဲ့ပွဲစဉ်မှာလဲ နည်းပြစကာလိုနီရဲ့ (၄-၄-၂) ကစားကွက်ဟာ ခံစစ်ပိုင်းအားနည်းချက်တွေရှိနေပြီး ရိုမီရို၊ အော့တမန်ဒီတို့အတွဲက အလုပ်မဖြစ်ခဲ့တာကြောင့် ဆော်ဒီတိုက်စစ်ကို ဂိုးပေးလိုက်ရတာတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ နည်းပြစကာလိုနီဟာ ပုံမှန်ပွဲထွက်နေတဲ့ (၄-၃-၃)ကစားကွက်နဲ့ပွဲထွက်ပြီး တိုက်စစ်မြင့်တင်လာမလားဆိုတာ စောင့်ကြည့်သွားရမှာပါ။ ဒ့ါပြင် အာဂျင်တီးနားနဲ့ မက္ကဆီကိုတွေ့ဆုံမှုမှာလဲ အာဂျင်တီးနားက ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။

မက္ကဆီကိုအသင်းဟာ အဖွင့်ပွဲစဉ်မှာ ပိုလန်ကိုဖိအားပေးကစားနိုင်ပေမဲ့ လီဝမ်ဒေါစကီးရဲ့ပင်နယ်တီကို ဂိုးသမားအိုချိုအာ ကာကွယ်သွားနိုင်တာကြောင့် အဖိုးတန်သရေတစ်မှတ်ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှုအသင့်အတင့်သာရှိတာကြောင့် အာဂျင်တီးနားနဲ့ယှဉ်ရင်တော့ အဘက်ဘက်က နိမ့်ကျနေတာကို တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ကိုတော့ လိုဇာနို၊ မာတင်၊ ဗီဂါတို့ဦးဆောင်နေပေမဲ့ လိုဇာနိုတစ်ယောက်တည်းပဲ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးရှိနေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ နည်းပြဂျာရာဒိုအနေနဲ့ ဂျင်မီနက်ဇ်၊ လိုဇာနိုအတွဲနဲ့ပွဲထွက်လာနိုင်သလို အာဂျင်တီးနားကို အနည်းဆုံးသရေတစ်မှတ်ရအောင်ကစားမှသာ အုပ်စုက ကျော်ဖြတ်ဖို့သေချာမှာပါ။ ဒါပေမဲ့ သူတို့အသင်းမှာ ကမ္ဘာ့ဖလားအတွေ့အကြုံနည်းပါးတဲ့ ကစားသမားများနေတာကြောင့် ရေကုန်ရေခန်းယှဉ်ပြိုင်ရမဲ့ပွဲမှာ အလုပ်ဖြစ်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ အခုပွဲစဉ်မှာ နောက်တစ်ဆင့်တက်ဖို့ ရမှတ်ဆုံးရှုံးလို့မရတော့တဲ့ အာဂျင်တီးနားရဲ့ တိုက်စစ်ကစားအားကြောင့် မက္ကဆီကိုအတွက် သရေရလဒ်သာအများဆုံးမျှော်လင့်ရမှာပါ။ ဒါကြောင့် အုပ်စုအတွင်း အစဉ်အလာကောင်းတွေပိုင်ဆိုင်ထားတဲ့ အာဂျင်တီးနားအသင်းပဲ အနိုင်ရသွားမှာပါ။

**အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၅ | - | ၀ | အက်စ်တိုးနီးယား |
| အာဂျင်တီးနား | ၃ | - | ၀ | ဟွန်ဒူးရပ်စ် |
| အာဂျင်တီးနား | ၃ | - | ၀ | ဂျမေကာ |
| ယူအေအီး | ၀ | - | ၅ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၁ | - | ၂ | ဆော်ဒီအာရေဗျ |

**မက္ကဆီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မက္ကဆီကို | ၁ | - | ၀ | ပီရူး |
| ကိုလံဘီယာ | ၃ | - | ၂ | မက္ကဆီကို |
| မက္ကဆီကို | ၄ | - | ၀ | အီရတ် |
| မက္ကဆီကို | ၁ | - | ၂ | ဆွီဒင် |
| မက္ကဆီကို | ၀ | - | ၀ | ပိုလန် |

# ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်ထိ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းက တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ၉၁၇၅ တန် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၅**

ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်ထိ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းက တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ၉၁၇၅ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ် ဝိုင်းမော်၊ ဗန်းမော်နှင့် မိုးမောက်မြို့နယ်တို့တွင် ၂၀၀၆ ခုနှစ်ကတည်းက စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြခြင်းဖြစ်ပြီး ကချင်ပြည်နယ်ထွက် တစ်သျှူးငှက်ပျောများကို ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုဘဏ္ဍာနှစ် မေလပထမပတ်ကစ၍ တစ်ရက်လျှင် တစ်သျှူးငှက်ပျောဝယ်ယူသည့် မော်တော်ယာဉ်အစီးရေ ၁၀၀ ထိမြင့်တက်လာခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံမှ တစ်သျှူးငှက်ပျောဝယ်ယူသည့် မော်တော်ယာဉ်အစီးရေ ၂၀၀ ထိ မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြီးခဲ့သည့် အောက်တိုဘာလတွင် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော ၃၃၅၀ တန်ထိ တင်ပို့ရောင်းချပေးခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်ထိ တစ်သျှူးငှက်ပျော ၉၁၇၅ တန်ထိ ပိုမိုတင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးက တစ်သျှူးငှက်ပျောတင်ပို့မှု မြင့်တက်လာနေသဖြင့် တစ်သျှူးငှက်ပျောထုပ်ပိုးခွံအဖြစ်အသုံးပြုမည့် ပစ္စည်းခြောက်မျိုးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ (Temporary Admission-TA) ဖြင့် ယာယီတင်သွင်းသည့် စနစ်ဖြင့် တင်သွင်းခွင့်ပြု ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါဆောင်ရွက်ပေးမှုများအရ နိုဝင်ဘာ ၁ ရက်မှ ၂၀ ရက်ထိ တစ်သျှူးငှက်ပျောထုပ်ပိုးခွံအဖြစ် အသုံးပြုမည့်ပစ္စည်းခြောက်မျိုးကို တန်ချိန် ၁၀၄၉ ဒသမ ၈ တန်ကို တင်သွင်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ(Temporary Admission-TA)ယာယီတင်သွင်းသည့် စနစ်ဖြင့်တင်သွင်းနိုင်ရန် ကုန်သွယ်ရေးဦးစီးဌာနက သွင်းကုန်လိုင်စင် ခွင့်ပြု ထုတ်ပေးလျက်ရှိကြောင်း၊ ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာ ၁၁ ရက်ထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၇၉၀ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၀၅ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇၉၅ ရရှိထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# နမ္မတူမြို့နယ် မန်မိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ္မတူ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နမ္မတူမြို့နယ် မန်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ နမ္မတူမြို့နယ် မန်မိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

မန်မိုင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Box Culvert သုံးစင်း၊ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၉၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက အောက်တိုဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မန်မိုင်ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၁ အိမ်၊ လူဦးရေ ၇၀ တို့၏ စိုက်ပျိုးမြေဧက ၃၁၇ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမြေဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ပြောပြ၍ သိရသည်။

နီလာ







## အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
## AUNG MYINT MOH MIN INSURANCE Co.,Ltd

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပေးငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပေးငွေရင်း အသက်အာမခံ



We Protect The Family

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်ဦးမြို့နယ်၊ တက်မကျေးရွာနေ ဦးလှမောင်-ဒေါ်ဝိုင်းတို့၏သား ဦးမြင့်ဇော်တူး နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/ညဥန(နိုင်)၀၅၈၅၃၁)နှင့် ဦးမြင့်ဇော်ထူး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်တူး (ခ) ဦးမြင့်ဇော်ထူး**

### ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်နေ ဇော်ထက်အောင် (ဘ) ဦးအောင်စိုး (၉/ပသက(နိုင်)၁၀၄၂၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့နေ နေလင်းထက် (ဘ) ဦးလှကျားဆိုက် (၁၃/လရန(နိုင်)၁၈၄၆၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

### ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နေ ကျော်မင်းသူ (ဘ) ဦးမောင်မြင့် (၉/ညဥန(နိုင်)၁၇၇၆၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ စောပလောစေး(ဘ) ဦးကျော်လာထူး (၁၄/သပန(နိုင်)၁၆၀၃၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၅၆၁၅၆၉

### ပျောက်ဆုံးကြောင်း

ညောင်တုန်းမြို့နေ ဝေဖြိုးမောင်(ဘ) ဦးခင်မြင့် (၁၄/ညတန(နိုင်)၁၂၇၅၄၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၄၅၄၂၆၃

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခဥ္စာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့်အခြေခံအချက် နှစ်ခုရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။နောက်တစ်ခုကတော့ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Hideo Watanabe ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ **Mr. Hideo Watanabe** ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းကြီးမှ ဆက်လက်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေးဆိုင်ရာအခြေအနေများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ည ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ညစဉ်ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ ပထမသုံးရက်တွင် ရုပ်ရှင်၊သဘင်၊ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များစုပေါင်း၍လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များကလည်းကောင်း၊နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များကလည်းကောင်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို **MRTV- HD၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App** တို့တွင် ည ၆ နာရီခွဲမှ ည ၈ နာရီထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက်**(LIVE)** ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ည ၈ နာရီ သတင်းထုတ်လွှင့်ချိန်ဖြစ်သော ည ၉ နာရီထိ ဖျော်ဖြေခဲ့သည့်အစီအစဉ်များကို ယင်းရုပ်သံလိုင်းများတွင် နောက်တစ်နေ့ညနေ ၄ နာရီသတင်းပြီးချိန်မှ ညနေ ၆ နာရီအတွင်း **Delay** ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com


BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ